စိတ်ကူးချိုချိုအနုပညာ



# အလယ်တန်းအဆင့် စာမေးပွဲဝင် စာစီစာကုံးများ

မြတ်လွမ်းနောင်(ပုတီးကုန်း)

mgyoe.com

mgyoe.com

မြန်မာစာမေးခွန်းတွင် ကျောင်းသား၊ ကျောင်းသူတို့၏
စာပေရေးသားမှုစွမ်းရည်ကို "စာစီစာကုံး" ဖြင့် အကဲဖြတ်၍
ဂုဏ်ထူးမှတ်ပေးကြသည်၊
သို့သော် စာစီစာကုံးကို အလွတ်ကျက်ဖြေဆိုနေရုံဖြင့်
ဂုဏ်ထူးမရနိုင်ပါ၊ ကိုယ်ပိုင်စိတ်ကူးဖြင့် ရေးသားလေ့ကျင့်
ဖြေဆိုမှသာ မြန်မာစာဂုဏ်ထူး ရရှိနိုင်မည်ဖြစ်ပါသည်၊
မြန်မာစာစီစာကုံးတွင် ရေးသားနည်း ၄ မျိုးရှိရာ အဆိုပါ

၁။ သရုပ်ဖော်စာစီစာကုံး
၂။ ဖွင့်ဆိုရှင်းပြစာစီစာကုံး
၃။ ကျိုးကြောင်းပြစာစီစာကုံး
၄။ ဖြစ်စဉ်ပြစာစီစာကုံး တို့အတွက်

မေးခွန်းပါ ခေါင်းစဉ်နှင့် ဘောင်ဝင်အောင် ရေးသားဖြေဆိုနိုင်ရန်
ယခုစာအုပ်တွင် အကောင်းဆုံး လမ်းညွှန်ထားပါသည်၊
မေးခွန်းပါ ခေါင်းစဉ်နှင့်လည်း ဘောင်ဝင်ပြီး
ကိုယ်ပိုင်အရေးအသားဖြင့် စိတ်ကူးဉာဏ်လည်း ထည့်သွင်း
ဖန်တီးထားသော ဂုဏ်ထူးရသည့် စာစီစာကုံးများ
ရေးသားနိုင်ကြပါစေဟု ရည်ရွယ်ပြုစုလိုက်ပါသည်၊

# အလယ်တန်းအဆင့် စာမေးပွဲဝင် စာစီစာကုံးများ

မြတ်လွမ်းနောင်(ပုတီးကုန်း)

ISBN 9789997111319
MLN5
9 789997 111319
1,500.00KS

mgyoe.com

mgyoe.com

အလယ်တန်းအဆင့်စာမေးပွဲဝင်စာစီစာကုံးများ၊ မြတ်လွှမ်းနောင်(ပုတီးကုန်း)
အပြင်အဆင်-အပ်အက်စ်အို၊ စာမျက်နှာ ၁၄၇+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အလယ်တန်းအဆင့် စာမေးပွဲဝင်စာစီစာကုံးများ

## မြတ်လွှမ်းနောင်

(ပုတီးကုန်း)

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာစာ က

သရုပ်ဖော် စာစီစာကုံး

၁။ မွေးမေမေ ၁

၂။ မိုးရွာသောနေ့တစ်နေ့ ၄

၃။ နေဝင်ချိန်အလှ ၈

၄။ မြန်မာ့ရိုးရာပွဲတော်တစ်ခု ၁၁

၅။ စာမေးပွဲမဖြေမီည ၁၄

၆။ သူငယ်ချင်းကောင်း ၁၇

၇။ ဈေးသို့တစ်ခေါက် ၂၀

၈။ ဆန်းစခါနွေ ၂၄

၉။ မြန်မာ့ရိုးရာအတာသင်္ကြန် ၂၇

၁၀။ မိုးရာသီအလှ ၃၀

၁၁။ ဆောင်းလရာသီ ၃၄

၁၂။ နွေရာသီအလှ ၃၇

၁၃။ ရာသီသာစွတပေါင်းလ ၄၀

၁၄။ ပျော်ရွှင်ဖွယ်ခရီးတစ်ခု ၄၃

ဖွင့်ဆိုရှင်းပြစာစီစာကုံး

၁၅။ ကျွန်ုပ်ရည်မှန်းချက် ၄၇

၁၆။ အချိန်ရှိခိုက်လုံ့လစိုက် ၅၀

၁၇။ မြတ်ပညာ ၅၃


mgyoe.com

mgyoe.com

၁၈။ ယဉ်ကျေးသိမ်မွေ့မြန်မာ့ခလေ့ ၅၆
၁၉။ ရဲစွမ်းသတ္တိ ၅၉
၂၀။ ပညာရွှေအိုးလူမခိုး ၆၂
၂၁။ အပြောအဆိုပျားသို့ချို ၆၅
၂၂။ ရှောင်လေဝေးဝေးမူးယစ်ဆေး ၆၉
၂၃။ ပျက်အစဉ်ပြင်ခဏ ၇၂
၂၄။ သစ်ပင်စိုက်ပျိုးခြင်း ၇၅
၂၅။ စည်းလုံးညီညာအောင်ကြောင်းဖြာ ၇၉
၂၆။ ပျင်းရိခြင်း၏ ဆိုးကျိုးများ ၈၂
၂၇။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ၈၅
၂၈။ စည်းကမ်းဆိုသည်လူ့တန်ဖိုး ၈၈
၂၉။ ကျွန်ုပ်၏ကျောင်း ၉၁
၃၀။ ဆရာတို့၏ဂုဏ်ကျေးဇူး ၉၄

ကျိုးကြောင်းပြစာစီစာကုံး

၃၁။ ကျွန်ုပ်နှစ်သက်သော ဘာသာရပ် ၉၇
၃၂။ ကျွန်ုပ်နှစ်သက်သော အားကစား ၁၀၁
၃၃။ တို့တိုင်းပြည် ၁၀၄
၃၄။ လမ်းလျှောက်ခြင်း ၁၀၇
၃၅။ စာအုပ်စာပေလူ့မိတ်ဆွေ ၁၁၀

ဖြစ်စဉ်ပြစာစီစာကုံး

၃၆။ စာမေးပွဲအတွက် ပြင်ဆင်ပုံ ၁၁၃

နေ့ထူးနေ့မြတ်စာစီစာကုံး

၃၇။ အမျိုးသားနေ့ ၁၁၆
၃၈။ လွတ်လပ်ရေးနေ့ ၁၁၉
၃၉။ ပြည်ထောင်စုနေ့ ၁၂၃
၄၀။ တပ်မတော်နေ့ ၁၂၆

mgyoe.com

mgyoe.com

၄၁။ ကမ္ဘာ့ကြက်ခြေနီနေ့ ၁၃၀
၄၂။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ၁၃၄
၄၃။ မြန်မာအမျိုးသမီးများနေ့ ၁၃၈
၄၄။ အာဇာနည်နေ့ ၁၄၁
၄၅။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ၁၄၄

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာစာ

မြန်မာစာမေးခွန်းတွင် ကျောင်းသား၊ ကျောင်းသူတို့၏ စာပေရေးသားမှုစွမ်းရည်ကို "စာစီစာကုံး" ဖြင့် အကဲဖြတ်၍ ဂုဏ်ထူးမှတ်ပေးကြသည်။ စာစီစာကုံးသည် မြန်မာစာဂုဏ်ထူးမှန်းသောသူတိုင်း လေ့ကျင့်ရမည့်အရာဖြစ်သည်။ သို့သော် စာသင်သားအများစုက စာစီစာကုံးကို အလွတ်ကျက်ဖြေဆိုနေကြသည်။ စာစီစာကုံးကို အလွတ်ကျက်ဖြေဆိုနေရုံဖြင့် ဂုဏ်ထူးမရနိုင်ပါ။ ကိုယ်ပိုင်စိတ်ကူးဖြင့် ရေးသားလေ့ကျင့်ဖြေဆိုမှသာ မြန်မာစာဂုဏ်ထူးရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာစာစီစာကုံးတွင် ရေးသားနည်း ၄ မျိုးရှိသည်။ ၎င်းတို့မှာ–

၁။ သရုပ်ဖော်စာစီစာကုံး

၂။ ဖွင့်ဆိုရှင်းပြစာစီစာကုံး

၃။ ကျိုးကြောင်းပြစာစီစာကုံး

၄။ ဖြစ်စဉ်ပြစာစီစာကုံးတို့ဖြစ်ပါသည်။

၁။ သရုပ်ဖော် စာစီစာကုံးသည် ခေါင်းစဉ်အကြောင်းအရာအတိုင်း အရာဝတ္ထုတို့၏ ပုံသဏ္ဌာန်အဆင်း၊ အသံ၊ အနံ့အရသာတို့ကို စာဖတ်သူစိတ်တွင် မြင်ယောင်၊ ကြားယောင်လာအောင် သရုပ်ဖော်ရေးသားရသောနည်းဖြစ်သည်။

၂။ ဖွင့်ဆိုရှင်းပြ စာစီစာကုံးသည် ခေါင်းစဉ်အကြောင်းအရာကို စာဖတ်သူတို့ နားလည်သိရှိလာအောင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းရေးသားရသောနည်းဖြစ်သည်။

mgyoe.com

mgyoe.com



၃။ ကျိုးကြောင်းပြစာစီစာကုံးသည် ခေါင်းစဉ်အကြောင်းအရာတစ်ခုကို စာဖတ်သူတို့ နားလည်လက်ခံယုံကြည်လာအောင် အကျိုးနှင့်အကြောင်းဆက်စပ်၍ ဆွဲဆောင်ရေးသားရသော နည်းဖြစ်သည်။

၄။ ဖြစ်စဉ်ပြစာစီစာကုံးသည် ခေါင်းစဉ်အကြောင်းအရာတစ်ခု၏ ဖြစ်ပျက်တိုးတက်မှုအစဉ်၊ အချိန်ကာလစဉ်အတိုင်း ကွင်းဆက်မိအောင် ရေးသားရသော နည်းဖြစ်သည်။

စာစီစာကုံးခေါင်းစဉ်အတွင် စာတွေ့ခေါင်းစဉ်နှင့် ကိုယ်တွေ့ခေါင်းစဉ်ဟူ၍ နှစ်မျိုးတွေ့နိုင်သည်။ စာတွေ့ခေါင်းစဉ်ကို စာပေပညာရှင်များ၏ ကဗျာ၊ လင်္ကာ၊ စကားပုံ၊ ဆိုရိုးစကား၊ အဆိုအမိန့်များကိုးကား ၍ ဖြေဆိုရမည်။

ကိုယ်တွေ့ခေါင်းစဉ်ဖြစ်လျှင် မိမိကိုယ်တွေ့အဖြစ်အပျက်၊ အတွေ့အကြုံများကို မိမိစိတ်ကူးခံစားချက်များဖြင့် ပုံဖော်ရေးသားရမည်။

ကျောင်းသားကျောင်းသူတို့ စာစီစာကုံးတစ်ပုဒ်ရေးတော့မည်ဆိုလျှင် အောက်ပါနည်းလမ်းအတိုင်း လိုက်နာရေးသားရမည်။

၁။ ပထမဦးစွာ ပေးထားသော စာစီစာကုံးခေါင်းစဉ်ကို သေချာဖတ်ပါ။ စာတွေ့ခေါင်းစဉ်လား၊ ကိုယ်တွေ့ခေါင်းစဉ်လား ခွဲခြားပါ။

၂။ ပေးထားသောပုံကြမ်း (out line) များမှ ပထမဦးဆုံးစာ ကြောင်းကို နိဒါန်း၊ နောက်ဆုံးစာကြောင်းကို နိဂုံး၊ အလယ်စာ ကြောင်းများကို စာကိုယ်အဖြစ် သတ်မှတ်ပါ။

၃။ ပေးထားသော ပုံကြမ်း (out line) များသည် ဦးဆောင်ဝါကျများဖြစ်သည်။ ဦးဆောင်ဝါကျတစ်ကြောင်းလျှင် ခေါင်းစဉ်နှင့် ဘောင်ဝင်သော ထောက်ကူဝါကျငါးကြောင်း၊ ခြောက်ကြောင်းခန့် မိမိပင်ကိုစိတ်ကူးဖြင့် ချဲ့ထွင်ရေးသားပါ။

၄။ ဦးဆောင်ဝါကျများကို စာပိုဒ်အစ၌သော်လည်းကောင်း၊ စာပိုဒ်အဆုံး၌သော်လည်းကောင်း ထည့်သွင်းရေးသားပါ။

mgyoe.com

mgyoe.com



၅။ နိဒါန်းရေးသားရာတွင် ပုံကြမ်း (out line) အတိုင်း ခေါင်းစဉ်နှင့် အံဝင်အောင် အကျဉ်းချုပ်ဖော်ပြခြင်း၊ ခေါင်းစဉ်ကို လမ်းခင်းမိတ်ဆက်ပေးသည့်သဘောဖြင့် စာကြောင်းရေ ငါးကြောင်းခန့်ရေးသားပါ။

၆။ စာကိုယ်ရေးမည်ဆိုလျှင် ပုံကြမ်း (out line) များကို သေချာဂရုစိုက်ဖတ်ပါ။ ပြီးလျှင် ပုံကြမ်းပါအချက်အလက်များကို အသုံးပြုပြီး မိမိစိတ်ကူးဖြင့် ခေါင်းစဉ်နှင့်ဘောင်ဝင်အောင် ချဲ့ထွင်၍ရေးသားရမည်။ စာကိုယ်၌ စာတွေ့၊ ကိုယ်တွေ့သာဓကများလည်း လိုအပ်သလို ထည့်သွင်းရေးသားပါ။

၇။ နိဂုံးချုပ်လျှင် နိဒါန်းတွင် ဖွင့်ခဲ့သော ဝါကျဖြင့် အဆုံးပြန်သတ်ခြင်း၊ ခေါင်းစဉ်နှင့် ပတ်သက်သောဆိုရိုးစကားများဖြင့် အဆုံးသတ်ခြင်း၊ ခေါင်းစဉ်စာသားပါအောင် မိမိအတွေးအမြင်စိတ်ကူးဖြင့် အဆုံးသတ်ခြင်းပြုပါ။

၈။ စာပိုဒ်များဖွဲ့ရာတွင် ဝါကျတိုတိုရေးပါ။ ဝါကျရှည်များ မရေးပါနှင့်။ ဝါကျရှည်လျှင် အဓိပ္ပါယ်ရှုပ်ထွေးတတ်သည်။

၉။ ဝါကျများတည်ဆောက်ရာတွင် သဒ္ဒါစည်းကမ်းနှင့်အညီ ရေးသားရမည်။ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရမည်။ လက်ရေးရှင်းလင်း ပီသစွာ ရေးရမည်။

အထက်ပါစည်းကမ်းချက်များကို လိုက်နာလေ့ကျင့်ရေးသားမည်ဆိုလျှင် ပုံကြမ်း (out line) ဘောင်ဝင် စာစီစာကုံးတစ်ပုဒ်ကို အစ၊ အလယ်၊ အဆုံး ကောင်းမွန်ညီညွတ်စွာဖြင့် ကျောင်းသူကျောင်းသားတို့ ကိုယ်ပိုင်အားထုတ် ရေးသားနိုင်ကြမည်ဟု ယုံကြည်မိပါသည်။

မြတ်လွမ်းနောင် (ပုတီးကုန်း)
၁၅-၃-၂၀၁၆

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မွေးမေမေ

- မေမေ့၏ ကိုယ်ရေးအကြောင်းအရာ
- မေမေ၏မိသားစုကို စောင့်ရှောက်ပုံ
- မေမေနှင့် အိမ်နီးချင်းဆက်ဆံရေး
- မေမေ၏ ရပ်ရွာသာရေး၊ နာရေး လူမှုရေးလုပ်ဆောင်ချက်
- မေမေ့အပေါ် မိမိအတွေး၊ အမြင်၊ ခံစားချက်

### မွေးမေမေ

လောကတွင် ကျေးဇူးတင်ထိုက်သူတစ်ဦးကို ဖော်ပြပါဟု ဆိုပါလျှင် ကျွန်တော့်အဖို့ မွေးမေမေကို ညွှန်ပြရပေမည်။ အဘယ်ကြောင့်ဆိုသော် မွေးမေမေသည် ကျွန်တော့်ကို လူ့လောကသို့ရောက်အောင် အသက်နှင့်ရင်းကာ မွေးဖွားပေးခဲ့သောကြောင့်ပင်ဖြစ်ပါသည်။ ကျွန်တော့်မေမေ၏ အမည်မှာ ဒေါ်မြင့်မြင့်အေးဖြစ်ပါသည်။ မေမေ့၏ အသက်မှာ လေးဆယ့်ငါးနှစ်ဖြစ်ပါသည်။ မေမေသည် ကိုယ်ပိုင်စက်ချုပ်လုပ်ငန်းလုပ်ရင်း အိမ်ရှင်မတာဝန်ကျေပွန်သူဖြစ်ပါသည်။ မေမေ့၏ပုံပန်းသွင်ပြင်မှာ အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်ဖြစ်ပါသည်။ မေမေ့၏ ကိုယ်နေဟန်ထားမှာ မဝလွန်း၊ မပိန်လွန်း အနေတော်ဖြစ်ပါသည်။ မေမေ့မျက်နှာမှာ အစဉ်လန်းဆန်းနေသော အပြုံးကို တွေ့ရမြဲဖြစ်သည်။ မေမေစကားပြောရာတွင်

mgyoe.com

mgyoe.com

ညင်သာအေးဆေးစွာ ပြောတတ်ပြီး သွားလာလုပ်ကိုင်ရာတွင် သွက်သွက်လက်လက်ရှိလှသည်။ မေမေသည် ဘာသာတရားကို ရိုသေကိုင်းရှိုင်း၍ စိတ်ထားသိမ်မွေ့သူဖြစ်သည်။

မေမေသည် သားရေး၊ သမီးရေး၊ မိသားစုအရေးကို အမြဲဦးစားပေးတတ်ပြီး အိမ်ထောင့်တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်သူဖြစ်သည်။ မေမေသည် ဖေဖေရှာဖွေပေးသော စီးပွားဥစ္စာများကို "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ပမာ မယိုမဖိတ်အောင် စည်းစနစ်ကျစွာ သုံးစွဲတတ်ပြီး စုဆောင်းတတ်ပါသည်။ သားနှင့်သမီးပညာရေးကို အမြဲအားပေး၍ လိုလေသေးမရှိ ဖြည့်ဆည်းပေးတတ်ပါသည်။ သားနှင့်သမီး လိမ္မာရေးခြားရှိရန်လည်း ဆုံးမသွန်သင်တတ်ပါသည်။ မေမေသည် ဖေဖေကြိုက်နှစ်သက်သော ဟင်း၊ သားနှင့်သမီးကြိုက်တတ်သော ဟင်းများကို ဦးစားပေး စီမံချက်ပြုတ်ကျွေးတတ်ပါသည်။ မိသားစုအားလုံး ကျန်းမာရေးညီညွတ်စေရန် ထမင်းဟင်းများကို ပူပူနွေးနွေး၊ သန့်သန့်ပြန့်ပြန့် ကျွေးမွေးပါသည်။ ခင်ပွန်းသည်နှင့် သားနှင့်သမီးနေထိုင်မကောင်းလျှင်လည်း ဆေးခန်းလိုက်ပို့ပြီး ဂရုတစိုက် အပင်ပန်းခံပြုစုပေးတတ်ပါသည်။ မေမေ၏ နွေးထွေးသော မေတ္တာအကြင်နာများဖြင့် မိသားစုကို စောင့်ရှောက်ပေးမှုကြောင့် ကျွန်တော်တို့မိသားစုသည် ချမ်းမြေ့ပျော်ရွှင်ကြပါသည်။

မေမေနှင့် အိမ်နီးနားချင်းဆက်ဆံရေးမှာ အဆင်ပြေချောမွေ့လှပါသည်။ မေမေနှင့် အိမ်နီးချင်းများ တစ်ခါတစ်ရံမျှ ခွန်းကြီးခွန်းငယ်စကားများကြသည်ဟူ၍ မရှိပါ။ မေမေ့တွင် မုန်းသူမရှိပါ။ မေမေ့ကို ရင်းနှီးခင်မင်သူများသာ ပေါများလျက်ရှိပါသည်။ မေမေသည် အိမ်နီးနားချင်းများအပေါ် အပေးအကမ်းရက်ရောသူဖြစ်သည်။ အိမ်တွင် အလှူဒါနပြုလျှင်လည်း အိမ်နီးချင်းများနှင့် ခင်မင်သူမိတ်ဆွေများကို တကူးတက ဖိတ်ကျွေးတတ်ပါသည်။ အိမ်နီးချင်းများ ငွေရေးကြေးရေးအခက်အခဲတွေ့လျှင်လည်း အမြဲကူညီတတ်ပါသည်။ မေမေ့အပေါ် ပြောမှားဆိုမှားရှိလျှင်လည်း နားလည်ခွင့်လွှတ်ပြီးသည်းခံတတ်ပါသည်။ မေမေ၏ ချိုသာပြေပြစ်စွာ ဆက်ဆံရေးကောင်းမွန်မှုကြောင့် မေမေ့အိမ်တွင် အကျိုး

mgyoe.com

mgyoe.com


ထမီချုပ်သူ၊ ရွှေးသူများနေ့စဉ်စည်ကားလျက် ရှိပါသည်။

မေမေသည် စက်ချုပ်သောကြောင့် တစ်ရပ်ကွက်လုံးနှင့် ဆက်ဆံရသူဖြစ်ပါသည်။ မေမေနှင့် မသိသူ၊ မခင်သူဟူ၍ မရှိပါ။ ထို့ကြောင့် ရပ်ရွာသာရေး၊ နာရေးကိစ္စများတွင် မေမေသည် ငွေအားဖြင့်သော်လည်းကောင်း၊ လူအားဖြင့်သော်လည်းကောင်း ပါဝင်ကူညီတတ်ပါသည်။ အလှူ၊ မင်္ဂလာဆောင်နှင့် လူမှုရေးကိစ္စများတွင်လည်း မေမေသည်ပါဝင်ဆောင်ရွက်တတ်ပါသည်။ ထို့အပြင် ရပ်ကွက်ဝတ်အသင်း၊ အမျိုးသမီးရေးရာအသင်းများတွင်လည်း အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ရပ်ကွက်တရားပွဲပြုလုပ်ရာတွင်လည်းကောင်း၊ ရပ်ကွက်ဆွမ်းလောင်းအသင်းတွင်လည်းကောင်း မေမေသည် ကိုယ်တိုင်ပါဝင်လုပ်အားပေးပြီး စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလေ့ရှိပါသည်။ ထို့ကြောင့် မေမေသည် မိသားစုအပေါ် တာဝန်ကျေပွန်သည့်အပြင် ဘာသာရေး၊ လူမှုရေးတွင်လည်း အရေးပါသောနေရာမှ ဝင်ဆံ့သူတစ်ဦးဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော့်မွေးမေမေသည် အခြားသူများ၏ မိခင်များနှင့်မတူဘဲ ချီးကျူးစရာဂုဏ်ပုဒ်များနှင့် ပြည့်စုံသူဟုဆိုချင်ပါသည်။ မေမေ၏ မေတ္တာ၊ အကြင်နာ၊ စေတနာတရားများသည် ကျွန်တော်တို့ မိသားစု အားလုံးအတွက် အစဉ်ထာဝရသာယာချမ်းမြေ့စေပါသည်။ မေမေ့၏ ကိုယ်ကျင့်တရားကောင်းမှု၊ လူမှုဆက်ဆံရေး ပြေပြစ်ချောမောမှုများကြောင့် ကျွန်တော်တို့မောင်နှမသည် လူချစ်လူချင်ပေါ်များပါသည်။ ထို့ ကြောင့် ကျွန်တော်တို့မောင်နှမနစ်ယောက်သည် မေမေ့၏ သားနှင့်သမီးဖြစ်ရသည်ကို အလွန်ကျေနပ်မိပြီး မေမေ့အပေါ်လည်း ကျေးဇူးဆပ်နိုင်သည့် သားကောင်း၊ သမီးကောင်းဖြစ်အောင် ကြိုးစားသွားမည်ဟု ဆုံးဖြတ်မိပါတော့သည်။

❑

mgyoe.com

mgyoe.com

၇

# မိုးရွာသောနေ့တစ်နေ့

- မိုးမရွာမီအခြေအနေ
- မိုးတိမ်များ၊ လေတိုက်ခတ်ပုံ၊ မိုးစရွာသွန်းပုံ
- ပတ်ဝန်းကျင်သဘာဝအခြေအနေများကြောင့် ခံစားရမှု
- မိုးတစ်နေ့တွေ့ကြုံရသော အဖြစ်အပျက်
- မိုးတစ်နေ့မှတ်သားဖွယ်၊ သင်ခန်းစာရဖွယ်
- မိမိအတွေးအမြင်

## မိုးရွာသောနေ့တစ်နေ့

တိမ်ဖြူဖြူများနှင့် လင်းလင်းရှင်းရှင်းရှိနေသော မိုးကောင်းကင်ပြင်ကြီးသည် ရုတ်တရက် ညှို့မှိုင်းအုံ့ဆိုင်းသွားပေပြီ။ ငြိမ်သက်နေသော သစ်ပင်များလည်း လေများတိုက်ခတ်လာမှုကြောင့် ယိမ်းထိုးလှုပ်ရှားနေကြသည်။ မကြာမီ ဝင်းခနဲလက်ခနဲ လျှပ်စီးများလက်သွားပြီးနောက် "ဂျိမ်းဒလိမ်း" ဟူသော မိုးခြိမ်းသံများကြားရပေသည်။ မိုး၏ ရှေ့တော်ပြေးအဖြစ် မိုးသံလေသံများနှင့်အတူ မိုးစက်၊ မိုးမှုန်များကြွေကျလာပါသည်။

မိုးတိမ်များက ထက်ကောင်းကင်တစ်ခုလုံး မည်းမှောင်နေပါသည်။ လေသံများကလည်း ကြောက်စရာကောင်းအောင် တဟူးဟူးတိုက်ခတ်နေပါသည်။ အုန်းပင်ကြီးများ၏ အုန်းလက်များသည် လေတိုက်ခတ်မှု

mgyoe.com

mgyee.com

ကြောင့် လှုပ်ယမ်းနေကြသည်။ သစ်ပင်သစ်ရွက်များသည် လေတိုးသံကြောင့် တရှဲရှဲမြည်နေသည်။ ကျေးငှက်များလည်း မိုးရွာတော့မည်သိ၍ အသိုက်ရှိရာ ပျံသန်းနေကြသည်။ လျှပ်စီးကြောင်းများက ကောင်းကင်မည်းမည်းကြီးတွင် ဝင်းလက်ဖြာဝေသွားပြီး မိုးခြိမ်းသံကြီးကြားလိုက်ရသည်။ ထို့နောက် "ဝေါခနဲ" ဟူသော မိုးသံလေသံများကြားရပြီး မိုးစက်၊ မိုးပေါက်များ သွန်းဖြိုးရွာချလိုက်ပါတော့သည်။

ညနေကျောင်းဆင်းချိန်ရောက်တော့မည်ဖြစ်သည်။ မိုးစက်များက မစဲဘဲ သဲသဲမဲမဲရွာနေသည်။ မိုးငွေ့ပါသော လေများ ကျောင်းခန်းထဲသို့ တိုးဝင်လာ၍ အေးစိမ့်နေသည်။ မကြာမီကျောင်းဆင်းခေါင်းလောင်းသံကြောင့် ကျောင်းသားကျောင်းသူများကျောင်းဆင်းရန် ပြင်ဆင်နေကြသည်။ ပါလာသော ထီးကိုဖွင့်သူက ဖွင့်၊ တချို့ကလည်း မိုးကာအင်္ကျီနှင့် ဦးထုပ်ကိုဆွဲထုတ်ဝတ်ဆောင်းပြီး လာကြိုသောကျောင်းကားပေါ်သို့ ပြေးသွားကြသည်။

ကျောင်းရှေ့တွင် ကျောင်းဆင်းချိန်မို့ ကျောင်းကြိုသော ကျောင်းသားမိဘများနှင့် ကျောင်းဆင်းလာသော ကျောင်းသားကျောင်းသူများ ရှုပ်ထွေးနေပါသည်။ မိုးများလည်း တဖွဲဖွဲရွာနေသည်။ သို့သော် သည်းလွန်းလှသော မိုးကြောင့် မည်သူမျှ မိုးမလုံကြပါ။ ကိုယ်ပိုင်ကားနှင့် မှန်တံခါးပိတ်ထားသူများသာ မိုးစိုလွတ်မည်ထင်ပါသည်။ ကျွန်တော်သည် ကျောင်းလွယ်အိတ်ကို ကျွတ်ကျွတ်အိတ်အတွင်းထည့်၍ စက်ဘီးရှေ့ခြင်းထဲထည့်လိုက်ပါသည်။ ပြီးလျှင် မိုးကာအင်္ကျီကိုဝတ်ကာ စက်ဘီးတွန်း၍ ကျောင်းထဲမှ ထွက်လာခဲ့ပါသည်။ ကျောင်းရှေ့ကား လမ်းပေါ်တွင် ရေများ ပြည့်လျှံနေပါသည်။ ကျွန်တော်သည် စက်ဘီးကို မှန်မှန်နင်း၍ ထွက်လာခဲ့သည်။ ကျောင်းသားကျောင်းသူအချို့ ထီးဆောင်းကာ ခြေကျင်ပြန်ကြသည်။ အချို့ကလည်း ကားမှတ်တိုင်သို့သွားကြသည်။ မိုးရွာပြီး ကားလမ်းပေါ် ရေကျော်နေသောကြောင့် လိုင်းကားများ၊ ကျောင်းကြိုကားများ၊ ကိုယ်ပိုင်ကားများ တဖြည်းဖြည်းချင်းမောင်းနေရသည်။ မိုးရွာခြင်းကြောင့် လမ်းများ ပိတ်ဆို့နေသည့်အတွက် စိတ်ညစ်စရာကောင်းသလို မိုးရေချိုးပြီး ဘောလုံးကစား

mgyee.com

mgyoe.com


နေကြသည့် ကလေးများကို ကြည့်ပြီး စိတ်ထဲတွင် ကြည်နူးပျော်ရွှင်မိပေသည်။

ကျွန်တော့်အိမ်သည် ကျောင်းနှင့်မနီးမဝေးတွင်ရှိပါသည်။ ကျွန်တော်သည် ကားလမ်းမပေါ်မှ လမ်းသွယ်အတွင်းသို့ ချိုးကွေ့ပြီးစက်ဘီးစီးလာခဲ့ပါသည်။ ဒိန်းခနဲ ပစ်ချလိုက်သော မိုးကြိုးသံကြောင့် ကျွန်တော့် တစ်ကိုယ်လုံး တုန်သွားပါသည်။ မိုးကတော့ မသည်းတော့ပေ။ ကျွန်တော့် အိမ်မရောက်မီ ဘောလုံးကွင်းအစပ်၌ သစ်ပင်ကြီးမှ သစ်ကိုင်းကျိုးကျနေပြီး ဘောလုံးကစားသော ကျောင်းသားတစ်ယောက် ထိခိုက်ဒဏ်ရာရသွားကြောင်း လူအများတစ်ယောက်တစ်ပေါက် ပြောနေသံကြားရပါသည်။ ကျွန်တော်စက်ဘီးစီးပြီး အိမ်ပြန်ရောက်သည်နှင့် အမေပြေးထွက်လာပြီး "စိုးရိမ်လိုက်တာ သားရယ်" လို့ ပြောပါသည်။ မိုးစိုနေသော အဝတ်များကို လဲခိုင်းပြီး ကော်ဖီပူပူတစ်ခွက်ကို အမေဖျော်တိုက်ပါသည်။ မိုးရွာထဲတွင် ဘောလုံးကစားခြင်းကို နှစ်သက်မိသော်လည်း ဒီနေ့ ကြုံတွေ့ရသော အဖြစ်အပျက်တစ်ခုက အန္တရာယ်ရှိကြောင်း အသိဝင်မိပါသည်။

မိုးရွာချိန်တွင် မိုးရေချိုးခြင်း၊ ဘောလုံးကစားခြင်းကို ကျောင်းသားတိုင်း နှစ်သက်ကြပေသည်။ သို့သော် မိုးရွာပြီဆိုလျှင် မိုးဒဏ်၊ လေဒဏ်ကြောင့် သစ်ပင်၊ သစ်ကိုင်းများ ပြိုလဲတတ်ခြင်း၊ သစ်ကိုင်းကျိုးကျခြင်း၊ လျှပ်စစ်ဝါယာကြိုးများ ပြတ်ပြီးလမ်းပေါ်တွင် ကျခြင်းကြောင့် လမ်းသွားလမ်းလာများ အန္တရာယ်ကြုံတွေ့နိုင်သည်ကို သတိမထားမိပေ။ မိုးရွာချိန်တွင် ဘောလုံးကစားရသည်မှာ ပျော်စရာအလွန်ကောင်းသော်လည်း လျှပ်စစ်အန္တရာယ်၊ သစ်ကိုင်းကျိုးကျသည့်အန္တရာယ်များက အသက်ဆုံးရှုံးနိုင်သည်ဆိုသော သင်ခန်းစာရရှိပါသည်။ မိုးတစ်နေ့ ကြုံ တွေ့ခဲ့သော မှတ်သားဖွယ်အဖြစ်အပျက်တစ်ခုက ကျွန်တော့်အတွက် တန်ဖိုးရှိသော သင်ခန်းစာတစ်ခုပင်ဖြစ်ပါသည်။

ထို့ကြောင့် မိုးရွာသောနေ့တစ်နေ့သည် လောကီလူသားများနှင့် ကမ္ဘာမြေပေါ်ရှိ သစ်ပင်ပန်းပင်များကို စိမ်းလန်းသာယာအောင်၊ ပျော်ရွှင်ချမ်းမြေ့အောင် ဖန်တီးပေးပါသည်။ ထို့အတူ မိုးရွာခြင်းနှင့်အတူ မိုးကြိုး

mgyoe.com

mgyoe.com

ပစ်ခြင်း၊ သစ်ပင်လဲကျခြင်း၊ သစ်ကိုင်းကျိုးခြင်း၊ ဓာတ်တိုင်လဲခြင်း၊ ဓာတ်ကြိုးပြတ်ကျခြင်း၊ ရေကြီးခြင်းစသည့် အန္တရာယ်များလည်း နောက်ဆက်တွဲဖြစ်ပေါ်လာတတ်သည်။ သို့ဖြစ်၍ မိုးရေထဲတွင် ပျော်ရွှင်စွာကစားတတ်သော ကျောင်းသားလူငယ်တိုင်း ဖြစ်ပေါ်လာတတ်သည့်အန္တရာယ်များကို ကြိုတင်သတိပြုသင့်ကြောင်း တင်ပြအပ်ပါသည်။

❑

mgyoe.com

mgyoe.com

# နေဝင်ချိန်အလှ

– တစ်နေ့တာအချိန်များတွင် နေဝင်ချိန်သည် အထူးလှပသာယာပုံ
– ညနေ နေဝင်ချိန်၏ သဘာဝအလှအပများ
– ညနေ ချိန်၏ လူ့လောကသဘာဝများ
– ကျေးလက်တောရွာတို့၏ လုပ်ငန်းသိမ်းချိန်အလှ
– မြို့ပြဒေသများ၏ အနားယူအပန်းဖြေချိန်အလှ

## နေဝင်ချိန်အလှ

တစ်နေ့တာလုံး လောက ကမ္ဘာမြေအတွက် အလင်းရောင်ပေးခဲ့သောနေမင်းကြီးတာဝန်ပြီးဆုံး၍ အနောက်ဂေါယာ ကျွန်းသို့ဝင်ရန်ပြင်ဆင်နေပါသည်။ တောက်ပလင်းလက်ခဲ့သော ရောင်ခြည်တန်းများလည်း အပူချိန်လျော့၍ နေအေးလာပေပြီ။ နေမင်းကြီးသည် ပုစွန်ဆီရောင်အဆင်းဖြင့်လောကကို နှုတ်ဆက်နေပါသည်။ နေမင်းကြီး၏ ခံညည်းဆာရောင်ခြည်မျှင်များကြောင့် ကောင်းကင်တွင်တိမ်နီ၊ တိမ်ဝါများတောက်ပလျက်ညနေခင်းကို အလှဆင်နေပါသည်။ ဤသို့သော အချိန်ကာလလေးသည်နေ့တစ်နေ့၏ အချိန်များတွင် အထူးသာယာလှပသည့် ဆည်းဆာနေဝင်ချိန်အလှပင်ဖြစ်ပါသည်။

ညနေခင်းနေဝင်ချိန်တွင် ပတ္တမြားအရောင်နေလုံးနီနီကြီးအ

mgyoe.com

mgyoe.com

နောက်ဂေါယာကျွန်း၌ ငုပ်လျှိုးပျောက်ကွယ်သွားပေပြီ။ ဆည်းဆာတိမ်မျှင်များလည်းရုပ်သိမ်း၍ နေဝင်သွားပါသည်။ မှောင်ရီသန်းနေသော ကောင်းကင်ပြင်တွင် အုပ်ဖွဲ့ပျံသန်းလာနေကြ အိပ်တန်းပြန် များကိုတွေ့မြင်ရသည်။ ညဥ့်ပျော်ငှက်များဖြစ်ကြသော ဇီးကွက်၊ ဒီးဒုတ်၊ လင်းနို့စသည့် ငှက်များလည်း အစာရှာရန် ထွက်လာကြသည်။ ထက်မိုးဝဋ္ဋာတွင် မှိတ်တုတ် မှိတ်တုတ်ကြယ်ကလေးများကို တွေ့ရသည်။ ညတွင်ပွင့်သော ညမွှေးပန်းကလေးများ ညှင်းလေပြေတွင်တသင်းသင်း မွှေးနေပါသည်။ အထက်ပါမြင်ကွင်းများသည် နေဝင်ချိန်၏သဘာဝအလှများ ပင်ဖြစ်ပါသည်။

ညနေဆည်းဆာ ချိန်သည်နေ့တစ်နေ့ ကုန်ဆုံးချိန်ဖြစ်ပါသည်။ လူသားများ၏ တစ်နေ့လုံးပင်ပန်းသမျှ အနားယူချိန်၊ လုပ်ငန်းသိမ်းချိန်လည်းဖြစ်ပါသည်။ နေ့တစ်နေ့၏ ညနေခင်းအချိန်သည် လူသားများလုပ်ငန်းခွင် အသီးသီးမှ အိမ်ပြန်လာကြသည့် မြင်ကွင်းများကို ကားမှတ်တိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်များတွင် တွေ့မြင်နိုင်ပါသည်။ အချို့လူများကလည်းညနေချိန်တွင် စားဝတ်နေရေးအတွက် ဈေးရောင်းထွက်သူများ၊ ကားဆွဲသူများ၊ ဆိုက္ကားနင်းသူများ၊ ညဘက်အလုပ်ဆင်းသူများကို တွေ့ရသည်။ ညနေခင်းအချိန်တွင် မိသားစုနှင့်အတူ ပန်းခြံနှင့် ကစားကွင်းများတွင် အပန်းဖြေကြသူများ၊ လမ်းလျှောက်ကြသူများ၊ TV ကြည့်ရင်း မိသားစုထမင်းဝိုင်း လက်ဆုံစားကြသူများလည်း ရှိကြပေသည်။ ညနေခင်းအချိန်သည် လူသားတို့၏ လှုပ်ရှားရုန်းကန် သွားလာမြင်ကွင်းများ၊ ပြုံးပျော်ကြည်နူးမှုမြင်ကွင်းများဖြင့် လူ့လောက သဘာဝအလှကို ဖော်ပြနေပါသည်။

ကျေးလက်တောရွာများတွင် ညနေခင်းအချိန်၌ လုပ်ငန်းသဘာဝမြင်ကွင်းများကို တွေ့မြင်နိုင်ပါသည်။ ညနေခင်းနေဝင်ချိန်တွင် နွားကျောင်းသားများသည် ပလွေသံပေး၍ နွားများကို စားကျက်ခင်းမှ ရွာဆီမောင်းသွင်းလာကြပုံကို ဖုံတထောင်းထောင်းနှင့် တွေ့မြင်နိုင်ပါသည်။ လုံမပျိုကလေးများမှာလည်း ထဘီတိုတို၊ ဝါးခမောက်ကိုယ်စီဆောင်းပြီး

mgyoe.com

mgyoe.com

တောပန်းကလေးတွေ ပန်ဆင်ကာ သီချင်းသံတကြော်ကြော်ဖြင့် လယ်ယာခွင်မှ ကောက်စိုက်ပြန်လာကြပုံကိုလည်း မြင်တွေ့နိုင်သည်။ ထို့အပြင် လယ်ယာလုပ်သားများ လယ်တဲ၊ ယာတဲမှ နွားတစ်ရှဉ်းနှင့်အတူ နွားခလောက်သံပေးပြီး အိမ်ပြန်လာကြသည့် မြင်ကွင်းများမှာလည်း ကျေးလက်တောရွာတို့၏ လုပ်ငန်းသိမ်းချိန်အလှများပင် ဖြစ်ပါသည်။

မြို့ပြဒေသများ၏ ညနေဆည်းဆာချိန်သည် ကျေးလက်တောရွာများနှင့် မတူဘဲ ကွဲပြားခြားနားလှပါသည်။ ညနေခင်းအချိန်တွင် မြို့နေလူတန်းစားများသည် လုပ်ငန်းခွင်အသီးသီးမှ အိမ်ပြန်လာကြပုံကိုကား မှတ်တိုင်များ၊ ဘူတာရုံများ၊ သင်္ဘောဆိပ်များတွင် စည်ကားများပြားနေသည်ကို ကြည့်၍ သိနိုင်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများကလည်း ကျောင်းကားနှင့်တစ်မျိုး၊ ကိုယ်ပိုင်ကားနှင့်တစ်သွယ်၊ ဘတ်(စ်)ကားများနှင့်တစ်နည်း၊ ခြေကျင်ဖြင့်တစ်ဖုံ အိမ်ပြန်လာကြပေပြီ။ မြို့ပြတွင်နေထိုင်သော လူများသည် ညနေခင်းအလုပ်ပြန်ချိန်တွင် မိသားစုနှင့် လက်ဆုံစားရင်း အပန်းဖြေကြသည်။ အချို့ကလည်း မိသားစု ဘုရားသွားကြသည်။ ပန်းခြံကစားကွင်း လျှောက်လည်ကြသည်။ အချို့က စီးတီးမားကက်သွားကာ ဈေးဝယ်ကြ၊ စားသောက်ကြ၊ ပျော်ပျော်ပါးပါး ရုပ်ရှင်ကြည့်ကြသည်။ ဤသည်ကား မြို့ပြဒေသရှိလူများ၏ ညနေခင်းအနားယူအပန်းဖြေကြသည့်မြင်ကွင်း အလှများပင်ဖြစ်ပါတော့သည်။

❑

mgyoe.com

mgyoe.com

# မြန်မာ့ရိုးရာပွဲတော်တစ်ခု

- မြန်မာ့ရိုးရာပွဲတော်များရှိပုံ
- မြန်မာ့ရိုးရာပွဲတော်များအနက် ပွဲတော်တစ်ခုအကြောင်း
- ကျင်းပရသည့် ရည်ရွယ်ချက်၊ ကျင်းပချိန်ရာသီနှင့် သဘာဝပတ်ဝန်းကျင်အနေအထား၊
- ပွဲတော်ဆင်ယင်ကျင်းပပုံ
- ပွဲတော်နှင့် ပတ်သက်သည့်အတွေးအမြင်နှင့် ခံစားချက်

## မြန်မာ့ရိုးရာပွဲတော်တစ်ခု

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီရှိပါသည်။ မြန်မာ့ဆယ့်နှစ်လရာသီတွင် လစဉ်အလိုက် ရိုးရာပွဲတော်များကို ကျင်းပလေ့ရှိပါသည်။ ထိုပွဲတော်များမှာ တန်ခူးလသင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းလောင်းပွဲ၊ နယုန်လ စာပြန်ပွဲ၊ ဝါဆိုလ ဝါဆိုပွဲ၊ ဝါခေါင်လ စာရေးတံမဲပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲ၊ နတ်တော်လ စာဆိုတော်ပွဲ၊ ပြာသိုလ မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလ ထမနဲပွဲနှင့် တပေါင်းလ တပေါင်းပွဲတို့ဖြစ်ပါသည်။

မြန်မာ့ရိုးရာပွဲတော်များအနက် တန်ခူးလတွင်ကျင်းပသော "သင်္ကြန်" ပွဲတော်သည် ကျွန်တော်အနှစ်သက်ဆုံး ပွဲတော်ဖြစ်ပါသည်။

mgyoe.com

 mgyoe.com


ထိုပွဲတော်သည် အခြားရာသီပွဲတော်များထက် အစည်ကားဆုံးနှင့် ပျော်စရာအကောင်းဆုံးပွဲတော်တစ်ခုဖြစ်ပါသည်။ သင်္ကြန်ပွဲတော်တွင် မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူ လူကြီးရော ကလေးပါ ပျော်ရွှင်စွာ ရေကစားကြပါသည်။ နိုင်ငံခြားသားများလည်း ပါဝင် ဆင်နွှဲကြပါသည်။ မြန်မာနှစ်ကူးသင်္ကြန်ပွဲတော်မှာ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဘာသာရေးဆက်နွှယ်နေသော ပွဲတော်တစ်ခုဖြစ်ပါသည်။

သင်္ကြန်ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နှစ်သစ်ကူးလ ဖြစ်သော တန်ခူးလသည် ပူပြင်းသော နွေလဖြစ်သည်။ ထို့ကြောင့် အပူ သက်သာစေရန် ရေကစားပွဲတော် ကျင်းပခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နှစ်ဟောင်းမှအညစ်အကြေးတို့ကို အတာရေဖြင့် ဆေးကြောပစ်ခြင်း ပင်ဖြစ်သည်။ သင်္ကြန်ပွဲတော်ကျင်းပသည့် တန်ခူးလသည် မိဿရာသီ အချိန်အခါဖြစ်ပါသည်။ မိဿရာသီ၏ သဘောမှာ ပြောင်းလဲခြင်းဖြစ်ပါ သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ပြောင်းလဲချိန်ဖြစ်၍ သဘာဝပတ်ဝန်းကျင် အနေအထားမှာ သာယာလှပါသည်။ တန်ခူးလတွင် ရွက်ဟောင်းများကြွေ ၍ ရွက်သစ်၊ ရွက်နုများ စိမ်းစိုဝေဆာနေပါသည်။ ရာသီပန်းဖြစ်သော ကံ့ကော်ပန်း၊ ရင်ခတ်ပန်းများ ဖူးပွင့်သင်းထုံလျက်ရှိပါသည်။ နွေလမ်း တစ်လျှောက်တွင် ငုရွှေဝါနှင့် ပိတောက်ပန်းများ၊ အဝါရောင်များဖြင့် အပြိုင်အဆိုင်ဖူးပွင့်နေကြပါသည်။ အရိုးပြိုင်းပြိုင်းရှိနေသော သစ်ပင် ကြီးများပေါ်မှ ဥဩငှက်၏ တေးသံသည် လွမ်းဖွယ်ကောင်းလှပါသည်။ ပိတောက်ရနံ့လူးသော နွေတန်ခူးကား အလှထူးသည့်နှစ်ဦးအချိန်အခါပင် ဖြစ်ပေသည်။

သင်္ကြန်ပွဲတော်ကို "အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက် နေ့" ဟူ၍ လေးရက်ကျင်းပပါသည်။ သင်္ကြန် အကြိုနေ့တွင် ဗုဒ္ဓဘာသာ ဝင်မြန်မာလူမျိုးများသည် မိမိနေအိမ်တွင် အတာအိုး၌ သင်္ကြန်ပန်းများ ထိုးပြီး သင်္ကြန်ကြိုကြပါသည်။ တိုင်းနှင့်ပြည်နယ်မြို့ကြီးများတွင် သင်္ကြန် အကြိုနေ့၌ "မြနန္ဒာ" သီချင်းဖြင့် သီဆိုကခုန်ပြီး သင်္ကြန်ပွဲတော်ကို ဖွင့် လှစ်ပေးပါသည်။ ငွေဖလားတွင်ရေထည့်၍ အမွှေးနံ့သာများရောကာ

mgyoe.com

mgyoe.com


သပြေခက်များဖြင့် ပျော်ရွှင်စွာရေပက်ဖြန်းကြပါသည်။ အကျနေ့တွင် လမ်းတိုင်း၊ ရပ်ကွက်တိုင်းကလေးများကရေပြွတ်တံဖြင့် ရေကစားကြသည်။ လူငယ်မောင်မယ်များက သင်္ကြန်မဏ္ဍပ်များသို့ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် ရေပက်ခံထွက်ကြသည်။ သင်္ကြန်မဏ္ဍပ်များ၌ တေးသံသာများ၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။ သင်္ကြန်ကာလလေးရက်လုံး အချို့လူငယ်မောင်မယ်များက စတုဒိသာကျွေးမွေးခြင်း၊ ဘုရားပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်းများတွင် ဥပုသ်သည်များအား အလှူဒါနပြုလုပ်ခြင်း၊ ရေကုသိုလ်လုပ်ခြင်းများ ပြုကြပါသည်။ သင်္ကြန်အတက်နေ့အထိ ပျော်ရွှင်စွာရေကစားကြပြီး နှစ်ဆန်းတစ်ရက်နေ့တွင် အဘိုးအို၊ အဘွားအိုများကို ရေချိုးခေါင်းလျှော်ပြုလုပ်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးပေးခြင်းများ ပြုကြပါသည်။ ထို့အပြင် ငါးလွှတ်ခြင်း၊ သတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း၊ စေတီပုထိုးများတွင် ရေသပ္ပါယ်ခြင်းများ ပြုကြပါသည်။ နှစ်ဆန်းတစ်ရက်နေ့ ညနေတွင် မြန်မာတစ်ပြည်လုံးရှိ ရပ်ကွက်တိုင်း၌ ပရိတ်တရားနာခြင်းဖြင့် သင်္ကြန်ပွဲတော်ကို ပြီးဆုံးစေပါသည်။

အချုပ်ဆိုရသော် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုအလှ၊ ဘာသာရေးအလှ၊ စိတ်စေတနာ၊ သဒ္ဓါတရားအလှကို ဖော်ပြသော ပွဲတော်တစ်ခုဖြစ်သည်။ မြန်မာလူမျိုးများ၏ ယဉ်ကျေးသိမ်မွေ့မှုဓလေ့နှင့် အလှူအတန်းရက်ရောမှုကို သင်္ကြန်ပွဲတော်တွင် မြင်တွေ့နိုင်ပါသည်။ သို့သော် သင်္ကြန်ပွဲတော်တွင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများကို တွေ့မြင်နေရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ ထို့ကြောင့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်သော "သင်္ကြန်" ပွဲတော်ကို လူငယ်မောင်မယ်တိုင်းက တန်ဖိုးထားမြတ်နိုးထိန်းသိမ်းပြီး သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

❑

mgyoe.com

mgyoe.com

## စာမေးပွဲမဖြေမိညှ

- စာမေးပွဲဖြေဆိုရန် ပြင်ဆင်ပြီး မဖြေမိညသို့ရောက်လာပုံ
- စာကို ပြန်ကျက်မှတ်စဉ် အတွေးခံစားချက်များ
- ဆရာ၊ ဆရာမများ သင်ကြားပြသမှုကို ဂရုစိုက်ခဲ့ပုံ
- စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခဲ့ပုံ
- အားရသောအချက်များ၊ အားနည်းသော အချက်များ
- အဆင့်ကောင်းကောင်းနှင့် အောင်ရမည်ဟု စိတ်မှာစွဲမှတ်ပြီး အိပ်ရာဝင်ခဲ့ပုံ

### စာမေးပွဲ မဖြေမိည

ကျွန်တော်သည် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသားတစ်ဦးဖြစ်ပါသည်။ ကျောင်းသားတစ်ဦးဖြစ်သည်နှင့်အညီ ကျောင်းမှန်မှန်တက်ပါသည်။ နေ့စဉ်အိမ်စာများကိုလည်း မှန်မှန်လုပ်ပါသည်။ ကျွန်တော့်ဖေဖေနှင့် မေမေက ကျွန်တော့်ပညာရေးအတွက် အစစအရာရာ ဖြည့်ဆည်းပေးပါသည်။ ကျောင်းတက်ကျောင်းဆင်းကိုလည်း အိမ်ကကားဖြင့် ကြိုပို့လုပ်ပေးပါသည်။ ကျွန်တော်သည် ညစဉ် ၇ နာရီမှ ၉ နာရီအထိ အိမ်စာများကို ကျက်မှတ်ပါသည်။ ကျောင်းပိတ်ရက်များတွင် သင်ကြားပြီးသော သင်ခန်းစာများကို ပြန်လှန်

mgyoe.com

mgyoe.com


လေ့ကျင့်ကျက်မှတ်ပါသည်။ ကျွန်တော်တို့ အတန်းတင်စာမေးပွဲကြီး တဖြည်းဖြည်းနီးလာသည်နှင့်အမျှ ဘာသာရပ်အားလုံးအလွတ်နီးပါး ကျက်မှတ်လေ့လာပြင်ဆင်ထားပါသည်။ ဤသို့ဖြင့် စာမေးပွဲကြီးမဖြေမီညသို့ ရောက်လာပါတော့သည်။

ကျွန်တော်သည် အတန်းတင်စာမေးပွဲကြီးနီးလာသောအခါ ဘာသာရပ်အလိုက် သင်ခန်းစာများကို ပြန်လည်ကျက်မှတ်ပါသည်။ သင်္ချာ လေ့ကျင့်ခန်းများကိုလည်း မှန်မှန်တွက်ချက်လေ့ကျင့်ပါသည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် မြန်မာစာ စာစီစာကုံးနှင့် အင်္ဂလိပ်စာအက်ဆေး၊ လက်တာကို အရေးကျင့်ပါသည်။ ပြီးလျှင် သိပ္ပံပုံများနှင့် မြန်မာပြည်မြေပုံကို အဆွဲလေ့ကျင့်ပါသည်။ ကျောင်းစာတွေကို ပြန်လည်ကျက်မှတ်လေ့လာနေစဉ်အတွင်း ဂိမ်းဆော့ရန်၊ ဘောလုံးကစားရန် မေ့နေတတ်ပါသည်။ ကျွန်တော့်အတွေးထဲတွင် ဘာသာရပ်တိုင်း အမှတ်ပြည့်ရအောင် ကြိုးစားမည်ဟု တွေးပြီးပျော်နေမိပါသည်။

ကျွန်တော်သည် နေ့စဉ်မှန်မှန်ကျောင်းတက်ပါသည်။ ဆရာ၊ ဆရာမများသင်ကြားပြသမှုကို ဂရုတစိုက်နားထောင်မှတ်သားပါသည်။ မြန်မာစာ ဆရာမသင်ကြားပြသသော စာများကို တစ်ထိုင်တည်းမှတ်မိအောင် ကြိုးစားပါသည်။ အင်္ဂလိပ်စာသင်သောအခါ အသံထွက်မှန်အောင်လိုက်ဆိုပါသည်။ သင်္ချာအချိန်တွင် ဆရာမရှင်းပြသည်ကို သေချာနားထောင်ပါသည်။ လေ့ကျင့်ခန်းပေးလျှင် သေချာတွက်ပြီး ဆရာမထံပြပါသည်။ သိပ္ပံဘာသာတွင်လည်း ဆရာမသင်ပြမှုကို ဂရုစိုက်သင်ယူမှတ်သားပါသည်။ မရှင်းတဲ့အချက်များကို ဆရာမကို မေးမြန်းပါသည်။ ပထဝီနှင့် သမိုင်းဘာသာအချိန်များတွင်လည်း သမိုင်းအချက်အလက်နှင့် မြန်မာပြည်မြေမျက်နှာသွင်ပြင်၊ ရာသီဥတုအကြောင်းများကို စိတ်ဝင်စားစွာ သင်ယူပါသည်။ ဤသို့စာသင်ချိန်များတွင် ဂရုတစိုက်နားထောင်မှတ်သားခြင်းကြောင့် ဘာသာရပ်တိုင်း အခက်အခဲမတွေ့ပါ။ ဘာသာရပ်သင်ဆရာ၊ ဆရာမများ၏ ချစ်ခင်မှုကိုလည်း ရရှိပါသည်။

"ကြိုတင်ပြင်ဆင်အောင်ပွဲဝင်" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျွန်

mgyoe.com

mgyoe.com



တော်သည် အတန်းတင် စာမေးပွဲကြီးအတွက် ဘာသာရပ်အားလုံးကို ကြို တင်ပြင်ဆင်ခဲ့ပါသည်။ ကျွန်တော်တို့အတန်းတင်စာမေးပွဲကြီးသည် ဖေဖော်ဝါရီလထဲတွင် ဖြေဆိုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် သည် ဇန်နဝါရီလကတည်းက ၆ ဘာသာလုံး သင်ကြားပြီးသမျှစာများ ကို ပြန်လည်ကျက်မှတ်ပါသည်။ ကျောင်းတက်ချိန်တွင် စာမေးပွဲနီး၍ ဆရာ၊ ဆရာမများသင်ကြားပြသသော သင်ခန်းစာများကို ဂရုတစိုက်သင် ယူပါသည်။ ညနေကျောင်းပြန်ချိန်တွင် သင်္ချာဘာသာကို ပြန်လည်လေ့ ကျင့်တွက်ချက်၍ အင်္ဂလိပ်စာကို ရေးကျက်ပါသည်။ ညပိုင်းတွင် မြန်မာ စာ၊ သိပ္ပံ၊ ပထဝီ၊ သမိုင်းဘာသာကျက်စာများကို ကျက်မှတ်ပါသည်။ ကျောင်းပိတ်ရက်များတွင် စာစီစာကုံး၊ အက်ဆေးနှင့် သိပ္ပံ၊ ပထဝီပုံများ ကို အဆွဲလေ့ကျင့်ပါသည်။ စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ကျက်မှတ် နေသော ကျွန်တော့်ကို မေမေက အိပ်ချိန်၊ စားချိန်၊ ရေချိုးချိန်၊ နားချိန် သတ်မှတ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးပါသည်။

စာမေးပွဲကြီး တဖြည်းဖြည်းနီးကပ်လာသဖြင့် ဘာသာရပ်အား လုံးအလွတ်နီးပါး ရနေပါသည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဘာသာ ရပ်များကို ကျောင်းမှသင်ကြားသည့်အပြင် ဆရာ၊ ဆရာမများ အိမ်မှာ ခေါ်ယူသင်ကြားခဲ့သည့်အတွက် အားရကျေနပ်သော ဘာသာများဖြစ်ပါ သည်။ သိပ္ပံဘာသာတွင် ထုတ်ဖော်ပုံများဆွဲရန်နှင့် ပထဝီဘာသာတွင် မြေပုံများ ရေးဆွဲရာတွင် မြန်မြန်မဆွဲနိုင်သည့် အားနည်းချက်ရှိပါသည်။ သမိုင်းဘာသာတွင်လည်း ခုနှစ်သက္ကရာဇ်များ အလွတ်မရ၍ အားနည်း ချက်ရှိပါသည်။ သို့သော် ထိုအားနည်းချက် အနည်းငယ်ကို အချိန်မီ ပြင်ဆင်သွားမည်ဟု ဆုံးဖြတ်ထားပါသည်။

ထို့ကြောင့် အတန်းတင်စာမေးပွဲကြီးမှာ အမှတ်ကောင်းကောင်း၊ အဆင့်ကောင်းကောင်းနှင့် အောင်မြင်ရမည်ဟု စိတ်မှာစွဲမှတ်ပြီး အိပ်ရာ ဝင်ခဲ့ပါတော့သည်။

❑

mgyoe.com

mgyoe.com

## သူငယ်ချင်းကောင်း

- သူငယ်ချင်းကောင်းလိုအပ်ခြင်း
- ကောင်းသော သူငယ်ချင်းများဖော်ပြခြင်း
- ဆိုးသော သူငယ်ချင်းများဖော်ပြခြင်း
- မိမိသည် မည်သို့ပေါင်းသင်းနေထိုင်ဆက်ဆံရမည်။

### သူငယ်ချင်းကောင်း

ကျောင်းသား၊ ကျောင်းသူတိုင်းမည်သူမဆို သူငယ်ချင်းများ ရှိကြစမြဲဖြစ်သည်။ ကျောင်းနေစအရွယ် ကလေးဘဝကပင် ကျောင်းသွားဖော်၊ အတန်းဖော်၊ ကစားဖော် သူငယ်ချင်းဟူ၍ ရှိကြပေသည်။ အတန်းကြီးလာသည်နှင့်အမျှ သူငယ်ချင်းအသစ်များ တိုးပွားလာသည်။ မိမိနှင့်ပေါင်းသင်းခင်မင်သော သူငယ်ချင်းများထဲတွင် စရိုက်အမျိုးမျိုးရှိကြသည်။ အချို့က စိတ်ကောင်းရှိသည်။ အချို့က စိတ်ပုပ်သည်။ အချို့က သည်းခံတတ်သည်။ အချို့က ဗိုလ်ကျတတ်သည်။ အချို့က အလျှော့ပေးတတ်သည်။ အချို့က ငြင်းခုံတတ်သည်။ အချို့က ကူညီဂတ်သည်။ အချို့က မျက်နှာလွှဲတတ်သည် စသည်ဖြင့် အကောင်းအဆိုးရောနေတတ်သည်။ ကျောင်းသား၊ ကျောင်းသူဘဝတွင် သူငယ်ချင်းများရှိသင့်သည်။ သူငယ်ချင်းမရှိလျှင် အထီးကျန်အဖော်မဲ့ပြီး စိတ်ပျော်ရွှင်မှုမရနိုင်ပါ။

mgyoe.com

mgyoe.com


ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်းတွင် သူငယ်ချင်းကောင်းရှိရန် လိုအပ်လှပေသည်။

ကျွန်တော့်တွင် ခင်မင်အရင်းနှီးဆုံး၊ ပြောမနာဆိုမနာသူငယ်ချင်းသုံးယောက်ရှိပါသည်။ ထိုသူများမှာ မင်းခန့်အောင်၊ သုတဆွေနှင့် ဆုသံလွင်တို့ဖြစ်ပါသည်။ မင်းခန့်အောင်သည် မူကြိုတက်ကတည်းက ကျောင်းသွားဖော်သူငယ်ချင်းဖြစ်သည်။ သုတဆွေနှင့် ဆုသံလွင်မှာ ဆဋ္ဌမတန်းနှစ်မှ ဆုံတွေ့ခင်မင်ရသော သူငယ်ချင်းများဖြစ်သည်။ ကျွန်တော့် သူငယ်ချင်းသုံးယောက်တွင် သုတဆွေသည် ဝန်ထမ်းသားသမီးဖြစ်ပြီး မောင်နှမများ၍ ဆင်းရဲပါသည်။ ကျွန်တော်နှင့် မင်းခန့်အောင်၊ ဆုသံလွင်တို့မှာ မွေးချင်းမရှိသော တစ်ဦးတည်းသမားများဖြစ်ကြသည်။ မိဘများ ကလည်း ကျူရှင်ဆရာ၊ ရှေ့နေ၊ အင်ဂျင်နီယာများဖြစ်ကြ၍ ပြည့်စုံကြသူများဖြစ်သည်။ သုတဆွေသည် ကျွန်တော်တို့သူငယ်ချင်းလေးဦးတွင် စာအတော်ဆုံးနှင့် သူငယ်ချင်းများအပေါ်သည်းအခံနိုင်ဆုံးသူဖြစ်သည်။ မင်းခန့်အောင်နှင့် ဆုသံလွင်သည် ပြည့်စုံသူများဖြစ်သော်လည်း သူငယ်ချင်းများအပေါ် မာနမကြီးပါ။ ရင်းနှီးခင်မင်စွာ ပေါင်းသင်းတတ်သည်။ ကျွန်တော်တို့ သူငယ်ချင်းလေးဦးသည် တစ်ဦးနှင့်တစ်ဦး ပြောမနာဆိုမနာကြပါ။ တစ်ဦးအကူအညီလိုလျှင် တစ်ဦးက ကူညီတတ်သည်။ ထို့ကြောင့် မင်းခန့်အောင်၊ သုတဆွေနှင့် ဆုသံလွင်တို့သည် ကျွန်တော့်၏ အချစ်ဆုံး သူငယ်ချင်းကောင်းများဖြစ်ကြပါသည်။

ကျွန်တော့်တွင် ကောင်းသောသူငယ်ချင်းများရှိသကဲ့သို့ ဆိုးသော သူငယ်ချင်းများလည်း ရှိပါသည်။ သူတို့မှာ တင်ထွန်းအောင်၊ အောင်တေဇ၊ သူရ၊ ဝင်းမော်တို့ ဖြစ်ပါသည်။ သူတို့လေးယောက်သည် ကျွန်တော်ဘောလုံးကန်ရင်း ခင်မင်သွားသော အခြားကျောင်းမှ သူငယ်ချင်းများ ဖြစ်ပါသည်။ တင်ထွန်းအောင်သည် ကျွန်တော်တို့လမ်းထိပ်မှ အကြော်သည်ဒေါ်ပု၏ သားဖြစ်သည်။ အောင်တေဇမှာ ဆိုက္ကားဆရာ ကိုကတုံးသားဖြစ်သည်။ ဝင်းမော်သည် နှစ်လုံးထိရောင်းသော ဦးမှတ်ကြီးသား ဖြစ်သည်။ သူရကတော့ အတိုးပေးစားသော ဒေါ်ဖြူတုတ်သားဖြစ်သည်။

mgyoe.com

သူတို့လေးယောက်တွင် သူရနှင့် ဝင်းမော်သည် မိဘများစီးပွားရေးကောင်း၍ သုံးနိုင်စားနိုင်သည်။ တင်ထွန်းအောင်နှင့် အောင်တေဇ မိဘများမှာ လက်လုပ်လက်စားဖြစ်၍ ကျောင်းမုန့်ဖိုးနည်းနည်းသာရသည်။ သူတို့လေးယောက်သည် အတွဲညီကြသည်။ ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်သည်။ ရေကူးသည်။ တစ်ခါတစ်ရံမတည့်သော ကျောင်းသားအချင်းချင်းချိန်းပြီး ရန်ဖြစ်ကြသည်။ သူတို့လေးယောက်လုံး ကွမ်းစားတတ်သည်။ ဆေးလိပ်သောက်တတ်သည်။ လပတ်စာမေးပွဲတိုင်း အမြဲကျနေသူများဖြစ်သည်။ သူတို့နှင့် ဘောလုံးသွားကန်တိုင်း ကျွန်တော့်ကို ဆေးလိပ်တိုက်သည်။ ကွမ်းကျွေးသည်။ အမေသိသွားတော့ ကျွန်တော်အရိုက်ခံရသည်။ သူတို့နှင့်လည်း ဘောလုံးကန်ခွင့်မပေးတော့ပါ။ သူတို့သည် ကျွန်တော့်အတွက် ဆိုးသော သူငယ်ချင်းများပင်ဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်းများနှင့် ပတ်သက်၍ သူငယ်ချင်းကောင်း၊ သူငယ်ချင်းဆိုးများကို ခွဲခြားသိလာပါသည်။ "စာတော်သူနှင့်ပေါင်းလျှင် စာတော်သူဖြစ်မည်၊ စာညံ့သူနှင့်ပေါင်းလျှင် ကိုယ်ပါ စာညံ့သူဖြစ်မည်" ဟု ကျွန်တော့်အဖေက အမြဲ ဆုံးမပါသည်။ သူငယ်ချင်းကောင်းများသည် ကျွန်တော့်ကို ဒုက္ခမပေးပါ။ ကျွန်တော်နောက်ကျသော စာများကို အမြဲကူပေးကြသည်။ သူငယ်ချင်းဆိုးများနှင့် ပေါင်းသင်းမိ၍ အမေရိုက် ဆုံးမခြင်းခံရသည်။ သူငယ်ချင်းဆိုးများသည် ကျွန်တော် စာမေးပွဲကျရှုံးအောင်လည်း ပြုလုပ်နိုင်သည်။ အများအထင်သေးခြင်းခံရအောင်လည်း ဖန်တီးနိုင်သည်။ သူငယ်ချင်းကောင်းများနှင့် ပေါင်းသင်းမှသာ နှစ်စဉ်စာမေးပွဲအောင်မြင်ပြီး ကျွန်တော်ရည်မှန်းသော အင်ဂျင်နီယာကြီးဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် သူငယ်ချင်းဆိုးများနှင့် ခပ်ခွာခွာနေထိုင်ပြီး သူငယ်ချင်းကောင်းများနှင့် ပေါင်းသင်းဆက်ဆံနေထိုင်သွားမည်ဟု ကျွန်တော်ဆုံးဖြတ်မိပါတော့သည်။

□

mgyoe.com

mgyoe.com

# ဈေးသို့တစ်ခေါက်

- ဈေးသို့တစ်ခေါက်ရောက်ရှိပုံ
- လူမျိုးစုံသောနေရာဖြစ်၍ မြင်ကွင်းစုံတွေ့ရပုံ၊
- ဈေးရောင်းသူတို့၏ မြင်ကွင်းများ၊ ဈေးဝယ်သူတို့၏ မြင်ကွင်းများ
- ဈေးပတ်ဝန်းကျင်မြင်ကွင်းများ၊ ဈေးတွင်းတွေ့ရသော လူ့စရိုက်အမျိုးမျိုး
- မေ့မရသော မြင်ကွင်းတစ်ခု
- မိမိအတွေးနှင့် ခံစားချက်

## ဈေးသို့တစ်ခေါက်

ကျွန်တော်နေထိုင်သော ရပ်ကွက်အနီးတွင် အင်းစိန်ဈေးကြီးရှိပါသည်။ အိမ်နှင့်ဈေးနီးသော်လည်း ဈေးသို့တစ်ခေါက်မျှ ကျွန်တော်မသွားဖူးပါ။ ကျွန်တော်သည် အဌမတန်းကျောင်းသားတစ်ယောက်ဖြစ်၍ ကျောင်းနှင့်ကျူရှင် ပြေးလွှားရင်း အချိန်ကုန်နေပါသည်။ အမေကလည်း ကျွန်တော့်ကို တစ်ယောက်တည်း ဈေးသို့လွှတ်လေ့မရှိပါ။ ကျွန်တော်လိုအပ်သော စာအုပ်၊ ဘောပင်များကို အမေကိုယ်တိုင်ဈေးသွား၍ ဝယ်ပေးပါသည်။ သို့သော် လွန်ခဲ့သော တစ်ပတ်က အမေ့ဆွေမျိုးများ

mgyoe.com

ဘုရားဖူးရောက်လာကြ၍ ညှော့သည်များ ကျွေးမွေးရန် အမေဈေးသွားသော အခါ ကျွန်တော့်ကိုခေါ်သွားသဖြင့် အင်းစိန်ဈေးကြီးသို့ တစ်ခေါက်ရောက် ခဲ့ရပါသည်။

အင်းစိန်ဈေးကြီးသည် အင်းစိန်မြို့တွင် အစည်ကားဆုံးနှင့် အကြီးဆုံးဈေးကြီးဖြစ်သည်။ လိုချင်သော ပစ္စည်းမှန်သမျှ အင်းစိန်ဈေး ကြီးတွင် အကုန်ရှိပါသည်။ ဈေးလည်းအလွန်သက်သာသည်ဟု အမေက ပြောပါသည်။ အင်းစိန်ဈေးကြီးသည် ရှေ့မျက်နှာစာတွင် သုံးထပ်ရှိပြီး ဘေးဘက်တွင် တစ်ထပ်အမြင့်ရှိပါသည်။ ဈေးအတွင်း၌ ဈေးရုံပေါင်း ၆ ခု ရှိကြောင်းသိရပါသည်။ ဈေးကြီးမျက်နှာစာမြေညီထပ်တွင် ရွှေဆိုင်၊ အလှကုန်ပစ္စည်းဆိုင်၊ နာရီဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ သက်္ကန်းပရိက္ခရာ ဆိုင် စသည်တို့ရှိပါသည်။ ဘေးဘက်မြေညီထပ်တွင် ကုန်ပစ္စည်းမျိုးစုံ ဆိုင်၊ ဆေးဆိုင်၊ စတိုးဆိုင်၊ ဆန်ဆိုင်များရှိပြီး အပေါ်ထပ်တွင် အလှပြင် ဆိုင်၊ ပန်းထိမ်လုပ်ငန်းနှင့် လက်ဖက်ရည်ဆိုင်တို့ရှိပါသည်။ အင်းစိန် ဈေးကြီးတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံစီးပွားရှာနေသော နေရာဖြစ် ၍ လူမျိုးပေါင်းစုံတွေ့ရပါသည်။ နေ့စဉ်ဈေးဝယ်လာသူများ၍ မြင်ကွင်း မျိုးစုံတွေ့မြင်ရပါသည်။

ကျွန်တော်သည် အမေ့နောက်က ဆွဲခြင်းကိုင်ရင်း ဈေးသို့ ရောက်လာပါသည်။ ဈေးတွင် လမ်းဘေးချရောင်းနေသော ကုန်စိမ်းသည် များ၊ ငါးသည်များ၊ ကြက်သားသည်များ၊ ဝက်သားသည်များ၏ ဆူညံစွာ ဈေးခေါ်ရောင်းနေသော အသံများကြားရပါသည်။ ပလပ်စတစ်ခွက်ရောင်း သူ၊ ဆေးအော်ရောင်းသူ၊ ကွမ်းယာရောင်းသူများ၏ အသံမျိုးစုံလည်း ကြား နေရပါသည်။ အမေသည် ကုန်စိမ်းသည်အဒေါ်ကြီးဆီမှ ဘူးသီးစိတ်၊ နံနံပင်၊ ငရုတ်သီးစိမ်းများ ဝယ်ပါသည်။ ပြီးလျှင် အမေ ဝယ်နေကျဖောက် သည်ဖြစ်သော ကြက်သားသည်မှ ကြက်သားဝယ်ပါသည်။ ကြက်သား သည်က အမေ့ကို အဆစ်ပိုထည့်ပေးပါသည်။ ထိုအချိန်တွင် တခြား ကြက်သားသည်တစ်ဦးကို ဈေးဝယ်သူ မိန်းမကြီးက "အလေးခိုးတယ်" ဆိုပြီး ရန်တွေ့နေတာတွေ့ရပါသည်။ ကြက်သားရောင်းသူ အဒေါ်ကြီးက

mgyoe.com

mgyoe.com

တောင်းပန်ပြီး အလေးပြည့်အောင် ပြန်ချိန်ပေးမှ ဝယ်သူမိန်းမကြီးပြန်ထွက်သွားပါသည်။ ဈေးရောင်းသူနှင့် ဈေးဝယ်သူများသည် တစ်ဦးနှင့်တစ်ဦး အဆင်မပြေလျှင် ရန်ပွဲများဆင်နွှဲရကြောင်း ကျွန်တော်သတိပြုမိပါသည်။

အင်းစိန်ဈေးပတ်ဝန်းကျင်မြင်ကွင်းများမှာ နေ့စဉ်စည်ကားရှုပ်ထွေးလျက်ရှိပါသည်။ ဈေး၏ ဘယ်ဘက်တွင် လေဟာပြင်ဈေးရှိ၍ ညာဘက်တွင် မီးသတ်ဌာနရှိပါသည်။ ဈေးရှေ့ကားလမ်းပေါ်တွင် လိုင်းကားများ၊ ကိုယ်ပိုင်ကားများ၊ ကုမ္ပဏီကားများ၊ ဆိုက္ကား၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် နေ့စဉ်သွားလာနေကြပါသည်။ ဈေးနှင့်မျက်နှာချင်းဆိုင် ကားလမ်းတစ်ဖက်တွင် ပန်းဆိုင်များ၊ မုန့်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ဒံပေါက်ဆိုင်၊ ငှက်ပျောသီးတန်း၊ ဖုန်းဆိုင်များရှိပါသည်။ ဈေးရှေ့ကားမှတ်တိုင်တွင် လူအများစုဝေး ကားစောင့်နေသော မြင်ကွင်းများကို တွေ့မြင်နိုင်ပါသည်။

အမေနှင့် ကျွန်တော်ဈေးရုံအောက်ထပ်သို့ ရောက်လာပါသည်။ အမေသည် ကုန်စုံဆိုင်မှ ဆီ၊ ငံပြာရည်၊ အချိုမှုန့်၊ ကြက်သွန် စသည်တို့ ဝယ်ပါသည်။ ပြီးလျှင် မြေပြင်တွင်ချရောင်းနေသော သံပရာသီးသည်ထံတွင် အမေသံပုရာသီး ရွေးနေစဉ် သီလရှင်ဆရာလေးတစ်ပါး အလှူခံလာရာ ကျွန်တော့်စိတ်ထဲတွင် သံပုရာသီးသည်အဒေါ်ကြီးသည် အင်္ကျီခပ်နွမ်းနွမ်းဝတ်ထားပြီး ဆင်းရဲပုံရသောကြောင့် လှူမည်မဟုတ်ဟု ထင်မိပါသည်။ သို့သော် အထင်နှင့်အမြင်လွဲသွားပါသည်။ အဒေါ်ကြီးသည် သီလရှင်ဆရာလေးကို ငွေတစ်ရာကျပ်တန်အသစ်လေး လှူလိုက်သည်ကို ကျွန်တော်တွေ့လိုက်ပါသည်။ သီလရှင်ဆရာလေးသည် သံပရာသီးသည်ဆီမှ ရွှေဆိုင်တန်းဘက်သို့သွား၍ အလှူခံရာတွင် "ကန်တော့ပါသေးရဲ့" ဟု ဆိုပြီး ဈေးရောင်းမပျက်ကြပေ။ ဆင်းရဲသော်လည်း သဒ္ဓါတရားချမ်းသာ၍ ချမ်းသာသော်လည်း သဒ္ဓါတရားဆင်းရဲနေကြသော လူစရိုက်အမျိုးမျိုးကို ဈေးတွင် ကျွန်တော်တွေ့ခဲ့ရပါသည်။

အမေသည် ကျွန်တော့်ကိုခေါ်ပြီး ပန်းတန်းသို့ထွက်ခဲ့ပါသည်။ ပန်းတန်းတွင် ကျွန်တော်နှင့်ရွယ်တူပန်းရောင်းနေသော မိန်းကလေးဆီမှ

mgyoe.com

mgyoe.com

အရောင်အသွေးလှသော ပန်းများကို အမေရွေးပြီးဝယ်ပါသည်။ ပန်းဝယ်ပြီး ထွက်လာသောအခါ အမေက ပန်းသည်မိန်းကလေးအကြောင်းကို ပြောပြပါသည်။ အဖေ၊ အမေဆုံးသွား၍ အဘွားနှင့်အတူ ပန်းရောင်းပြီးကျောင်းတက်နေသော သမီးအလိမ္မာလေးဖြစ်ကြောင်း ပြောပြသည်။ ပန်းသည်မိန်းကလေးနှင့် မိစုံ၊ ဖစုံဘဝတွင် အဖေ၊ အမေဆီက လက်ဖြန့်မုန့်ဖိုးတောင်းပြီး စာကျက်ပျင်းသော ကျွန်တော်နှိုင်းယှဉ်မိသည့်အခါ ကိုယ့်ကိုယ်ကိုယ် ရှက်မိသွားသည်။ ပန်းသည်မိန်းကလေးကိုကြည့်ပြီး "ငါလည်း စာကြိုးစားတော့မည်" ဟု တွေးနေစဉ် "သူခိုး၊ သူခိုး" ဟု အော်သံကြားရပြီး လူငယ်တစ်ဦးကို ဈေးတာဝန်ခံများ ဖမ်းဆီးခေါ်သွားကြသည်။ ထိုလူငယ်သည် အထည်ဆိုင်မှ ပိတ်စအလစ်သုတ်ခိုးပြေးကြောင်း သိရသည်။ ပိတ်စခိုးသော လူငယ်ကို ဈေးရောင်းနေသူများနှင့် ဈေးဝယ်လာသူများက ကဲ့ရဲ့ရှုတ်ချကြသည်။ စာရိတ္တပျက်ခြင်းသည် လူအများ၏ အထင်သေးစရာဖြစ်သည်။ ပန်းသည်မလေးသည် ရိုးသားပြီးကြိုးစားသောကြောင့် အများက ချီးကျူးကြသည်။ ပန်းသည်မိန်းကလေးနှင့် လူငယ်လေးရဲ့ ခြားနားမှုသည် ကျွန်တော့်အတွက် သင်ခန်းစာရပြီး မေ့မရသောမြင်ကွင်းတစ်ခုလည်းဖြစ်ပါသည်။

အချုပ်ဆိုရသော ဈေးဟူသည် လူသားတို့၏ အကျင့်မျိုးစုံ၊ စရိုက်မျိုးစုံ၊ ဘဝမျိုးစုံတွေ့မြင်နိုင်သောနေရာဖြစ်သည်။ လူသားတစ်ယောက်၏ စိတ်ထားကောင်းခြင်း၊ စိတ်ထားညံ့ခြင်း၊ ရိုးသားမှန်ကန်ခြင်း၊ လိမ်ညာလှည့်ဖြားခြင်း၊ သဒ္ဓါတရားရှိခြင်း၊ တွန့်တိုခြင်းစသည်တို့ကို ဈေးရောင်း၊ ဈေးဝယ်ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။ ထို့ကြောင့် ဈေးသို့ တစ်ခေါက်ရောက်ခဲ့ရသည့် ကျွန်တော့်အတွက် လူသားတို့၏ ဘဝရုန်းကန်လှုပ်ရှားမှုမျိုးစုံနှင့် လူ့စရိုက်မျိုးစုံ လေ့လာခွင့်ရသောနေ့တစ်နေ့ပင် ဖြစ်ပါတော့သည်။

❑

mgyoe.com

mgyoe.com

## ဆန်းစခါနွေ

- နွေဦးဆန်းစကာလသတ်မှတ်ပုံ၊
- ထိုကာလတွင် တွေ့ရသောပတ်ဝန်းကျင်အလှများ၊
- သစ်ပင်ပန်းမန်များအလှ၊
- ကျေးငှက်တို့၏ သဘာဝ၊
- ရာသီအလိုက်ပွဲတော်နှင့် လူသားတို့၏ လှုပ်ရှားမှုများ
- ခါနွေဦးသဘာဝမြင်ကွင်းနှင့် မိမိခံစားချက်။

## ဆန်းစခါနွေ

"နွေဦးဆန်းစ တပေါင်းလ" ဆိုသော စကားအတိုင်း တပေါင်းလ ရောက်သည်နှင့် နွေဦးသည် တဖြည်းဖြည်းဝင်ရောက်လာပေသည်။ သို့သော် နွေမပီပြင်သေး။ ဆောင်းအငွေ့အသက်များ မကုန်စင်သေး။ ညဘက်တွင် ဆောင်း၏အချမ်းဒဏ်ခံရတုန်းပင်ဖြစ်သည်။ ဆောင်းအကုန် နွေအကူးကာလမို့ မပူလွန်း၊ မချမ်းလွန်းပေ။ သာယာကြည်နူးဖွယ်ကောင်းသော ရာသီအချိန်အခါဖြစ်သည်။ ထို့ကြောင့် မိန်ရာသီလ တပေါင်းကို နွေဦးဆန်းစကာလဟု သတ်မှတ်ထားပါသည်။

နွေဦးအစတွင် တွေ့ရသော ပတ်ဝန်းကျင်မြင်ကွင်းများမှာ သာယာလှပေသည်။ ကောင်းကင်၌ တိမ်ရောင်စုံတို့ပြောင်းလဲရွေ့လျားနေကြသည်။

mgyoe.com

mgyoe.com

အင်း၊ အိုင်၊ ချောင်းများအတွင်း ရေခန်းစပြုပြီ။ မြစ်များတွင် ရေနည်းပါးသွား၍ သဲသောင်ပြင်ကျယ်ကြီးများ ဖြစ်ပေါ်လာသည်။ နွေ လေရူးများ မြူးဆော့နေချိန်ဖြစ်၍ သစ်ပင်များထက်မှ ရော်ရွက်ဝါများ တဖြုတ်ဖြုတ် ကြွေကျနေသည်။ သစ်ပင်ခြေရင်း၌ ရွက်ဝါရွက်ဟောင်းတို့ မြေပြင်ပေါ်ဝယ် လူးလိမ့်နေကြသည်။ သစ်ပင်သစ်ကိုင်းများပေါ်၌ ရွက်သစ်ရွက်နုတို့ စိမ်းစို လန်းဆန်းနေကြသည်။ နွေ၏ ပတ်ဝန်းကျင်ရှုခင်းများမှာ ရှုမဆုံးနိုင်အောင် ပင် လှပနေပါသည်။

ဤရာသီတွင် သစ်ပင်ကြီးများသည် နွေအပူကို ထီးသဖွယ်အရိပ် မိုးပေးထားသည်။ ကုက္ကိုပင်၊ ညောင်ပင်၊ မန်ကျည်းပင်၊ တမာပင်၊ ထနောင်းပင်ကြီးများ၏ အရိပ်သည် အေးမြလှသည်။ ရိုးတံကျဲကျဲဖြစ်နေသော ရွက်ကြွေတောနှင့် စိမ်းညို့ညို့သစ်တောကြီးများမှာလည်း တစ်မျိုး လှပနေကြသည်။ တောတောင်တစ်လျှောက်၌ ပန်းမျိုးစုံတို့ ဖူးပွင့်နေကြသည်။ ညင်းလေပြည်တွင် ပန်းရနံ့များသင်းထုံနေသည်။ ဆောင်းအကြွင်း သဇင်ပန်းများနှင့် တပေါင်းရာသီပန်းဖြစ်သော သရဖီပန်းတို့ အလှချင်း ယှဉ်ပြိုင်၍ ဖူးပွင့်နေကြသည်။ နွေဦးပန်းဖြစ်သော အင်ကြင်းပန်း၊ ကံ့ကော် ပန်းတို့ကလည်း မွှေးကြိုင်နေကြသည်။ ရဲရဲနီနေသော ပေါက်လဲပန်းများ နှင့် ငုပန်းဝါဝါတို့ကလည်း အပြိုင်ပွင့်ဖူးကာ နွေကို အလှဆင်နေကြပါ သည်။

နွေ၏ရင့်မှည့်နေသော စပါးခင်းများသည် ရွှေအဆင်းကဲ့သို့ ဝါ ဝင်းနေကြသည်။ ထိုစပါးခင်းများတွင် စာကလေး၊ ခါ၊ ဘုတ်၊ ချိုး၊ ကြက် တောမျိုးတို့က စပါးနှံများကို ကိုက်ချီစားသောက်နေကြသည်။ ရဲရဲနီ အောင်ပွင့်နေသော လက်ပံပင်ကြီးများပေါ်တွင် ဆက်ရက်အုပ်များ ထိုး ဆိတ်စားသောက်ဆူညံပျော်မြူးနေကြပါသည်။ ယာတောစပ် ထနောင်းပင် ထက်မှ ချိုးငှက်မောင်နှံ၏ "တကူးကူး" အော်မြည်သံမှာ သာယာလွန်းလှ ပေသည်။ တောအုပ်အတွင်း သစ်ပင်ကြီးများပေါ်၌ ကျေးငှက်သာရကာတို့ "တီတီတာတာ၊ ကျီကျီကျာကျာ" အော်မြည်ရင့်ကျူးနေသော အသံများက လည်း တစ်တောလုံး အုတ်အုတ်ကျက်ကျက်ရှိလှသည်။ နွေသစ်ကိုင်းပေါ်

mgyoe.com

mgyoe.com

မှ "ဥဩ၊ ဥဩ" ဟု တွန်ကျူးနေသော ဥဩငှက်၏အသံမှာ လွမ်းစရာကောင်းလှသည်။ နွေဦးကာလအချိန်အခါသည် ကျေးငှက်တို့၏ သဘာဝတေးသံများဖြင့် သာယာကြည်နူးဖွယ် ကောင်းလှပေသည်။

နွေဦးချိန်ခါတွင် ကျင်းပသော ရာသီပွဲတော်မှာတပေါင်းပွဲတော်ဖြစ်ပါသည်။ တပေါင်းပွဲတော်ကို မြို့ကြီးများရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများတွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ ကျေးလက်တောရွာများတွင်လည်း တပေါင်းပွဲကို ရွာလုံးကျွတ်ဆင်နွှဲကြပါသည်။ ကျေးလက်ဒေသရှိ လယ်သမားကြီးများသည် ကောက်ရိတ်သိမ်းပြီးချိန်ဖြစ်၍ ငွေရွှင်နေကြပါသည်။ ထိုအခါ သားရှင်ပြုပွဲပြုလုပ်ကြပါသည်။ အလှူ့ဒါယကာ၊ ဒါယိကာမအဖြစ်ခံယူကြပါသည်။ အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်တွင် ရေအိုးစင်တည်၍ ခရီးသွားအတွက် ရေအလှူဒါနပြုကြပါသည်။ ထို့ကြောင့် နွေဦးအခါတွင် မြန်မာတို့၏ စေတနာအလှ၊ သဒ္ဓါတရားအလှပေါ်လွင်သော လှုပ်ရှားမှုမြင်ကွင်းများမှာ ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

အချုပ်ဆိုရသော် ချါနွေဦး၏သဘာဝမြင်ကွင်းများမှာ စိတ်ကြည်နူးဖွယ်ကောင်းလှပါသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေနေသော နွေဦးအလှနှင့် အပြိုင် မြန်မာလူမျိုးတို့၏ စေတနာအလှ၊ သဒ္ဓါတရားအလှတို့ကို မြင်တွေ့ခံစားမိ၍ ကြည်နူးဖွယ်ကောင်းသော ရာသီဟုဆိုချင်ပါတော့သည်။

❑

mgyoe.com

mgyoe.com

# မြန်မာ့ရိုးရာ အတာသင်္ကြန်

- အတာသင်္ကြန်ဟူသည်
- ရှေးအစဉ်အလာကတည်းက ရှိခဲ့ပုံ
- သင်္ကြန်တွင် ပြုလုပ်လေ့ရှိသော ကောင်းမှုများ
- ယနေ့အထိ အစဉ်အလာမပျက်ရေကစားကြပုံ
- ထူးခြားသော ရိုးရာပွဲတော်ဖြစ်၍ အစဉ်အလာမပျက် ထိန်းသိမ်းသင့်ပုံ

## မြန်မာ့ရိုးရာအတာသင်္ကြန်

အတာကူးသည်ဆိုသည်မှာ တနင်္ဂနွေဂြိုဟ်ခေါ် နေမင်းသည် တစ်ရာသီမှ တစ်ရာသီသို့ ကူးပြောင်းခြင်းကို ဆိုလိုပါသည်။ သင်္ကြန်ဟူသည်မှာ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အတာသင်္ကြန်ဟူသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းအဓိပ္ပာယ်ပင်ဖြစ်ပါသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်သည် ပုဂံခေတ်ကပင် စတင်ပြုလုပ်ခဲ့သော ရှေးအစဉ်အလာရိုးရာပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်ပွဲတော်ကို တန်ခူးလတွင် ကျင်းပလေ့ရှိပါသည်။ တန်ခူးလသည် မိဿရာသီဖြစ်၍ စိတြနက္ခတ်နှင့် စန်းယှဉ်သည်။ ရာသီအမှတ်အသားမှာတော့ ဆိတ်ရုပ်ပုံ

mgyoe.com

mgyoe.com


သင်္ကြာန်ကြယ်စုဖြစ်သည်။ ရာသီပန်းမှာ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ငုပန်း၊ ပိတောက်ပန်းများဖြစ်သည်။ မြန်မာလူမျိုးတို့သည် နှစ်သစ်ကူးပွဲတော်ဖြစ်သော သင်္ကြန်အခါတွင် တစ်ဦးနှင့်တစ်ဦး မောင်နှမသဖွယ် သဘောထားပြီး ယဉ်ကျေးပျော်ရွှင်စွာ ငွေဖလားတွင်ရေထည့်၍ နံ့သာရေဖျန်းကာ သပြေခက်နှင့် ရေပက်ကစားကြပါသည်။ နွေ၏ပူလောင်မှုကို သင်္ကြန်ရေပက်ဖျန်းကစားခြင်းဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာ ကူးပြောင်းလေ့ရှိကြသည်။

သင်္ကြန်ပွဲတော်ရောက်လျှင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ရဟန်းသံဃာတော်များကို ဆွမ်းကပ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးပွဲများ ကျင်းပခြင်း၊ ပဋ္ဌာန်းခံရွင်ပြုခြင်း၊ ဘုရား ပုထိုးစေတီများတွင် ရေသပ္ပာယ်ခြင်း၊ ထုံးသင်္ကန်းကပ်ခြင်း၊ ကျောင်းကန် ဘုရားများတွင် သန့်ရှင်းရေးလုပ်ခြင်း၊ ရေတွင်းရေကန်များဆည်ခြင်း၊ ရွံ့ဗွက်ရှိသော လမ်းများကို မြေဖို့ခြင်း၊ တံတားပျက်များကို ပြုပြင်ခြင်း ကောင်းမှုများကို ပြုကြပါသည်။ ထို့အပြင် မိဘ၊ ဘိုးဘွား၊ ဆရာသမားများကို ရေကုသိုလ်လုပ်ခြင်း၊ လက်သည်းခြေသည်းလှီးဖြတ်ပေးခြင်း၊ သက်ကြီးပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ငါးလွှတ်ခြင်း၊ ကျွဲနွားများကို ဘေးမဲ့လွှတ်ခြင်းစသော ကောင်းမှု ကုသိုလ်များလည်း ပြုလုပ်ကြပါသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို ပုဂံခေတ်မှ ယနေ့ခေတ်အထိ အစဉ်အလာမပျက် ကျင်းပခဲ့ပါသည်။ သင်္ကြန်အခါသမယတွင် ပူပြင်းသော နွေရာသီ၏ အပူဒဏ်ကို ခံနိုင်ရန် တစ်ဦးနှင့်တစ်ဦး သင်္ကြန်ရေပက်ဖျန်းကစားကြပါသည်။ သင်္ကြန်ရေပက်ဖျန်းခြင်းသည် နှစ်ဟောင်းမှ အညစ်အကြေးများကင်းရှင်းစေရန်၊ နှစ်သစ်ကို စိတ်သစ်လူသစ်ဖြင့် ပျော်ရွှင်စွာ ကူးပြောင်းရန်ဟူသော အဓိပ္ပာယ်ကိုဆောင်ပါသည်။ မိန်းမပျိုများကို လူပျိုလူရွယ်များက စေတနာဗရပွဖြင့် တစ်ကိုယ်လုံးရွှဲစိုအောင်လောင်းကြသည်။ ကလေးများက ရေပြွတ်တံဖြင့် ပက်ကြသည်။ ယနေ့အချိန်အခါတွင် သင်္ကြန်ရောက်ပြီဆိုလျှင် မြို့ကြီးများ၌ ရေကစားမဏ္ဍာပ်များဆောက်ပြီး အဆို၊ အက တေးသံသာများဖြင့် ပျော်ရွှင်စွာ ရေကစားကြပါသည်။ မြန်မာ့ရိုးရာ အတာသင်္ကြန်အခါသည် လူမျိုးမရွေး၊ ဘာသာမရွေး ပျော်ရွှင်

mgyoe.com

mgyoe.com

စွာ ရေကစားကြသော ပွဲတော်တစ်ခု ဖြစ်ပါသည်။

အချုပ်အားဖြင့် သို့သော် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအလှ၊ စေတနာ သဒ္ဓါတရားအလှ၊ တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ခင်ပျော်ရွှင်ကြည်နူးမှုအလှများကို တွေ့မြင်ရသည့် အပြင် အမျိုးဂုဏ်မြင့်မားရှိ ကျက်သရေရှိမှုကိုပါ ဖော်ပြနေသော ပွဲတော် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ညစ်နွမ်းစေမည့် သံရုပ်ပျက်ယဉ်ကျေးမှုများရှောင်ကြဉ်၍ အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်ရန် ထိန်းသိမ်းကြပါစို့ဟု နှိုးဆော်လိုက်ရပေသည်။

❑

mgyoe.com

.mgyoe.com

# မိုးရာသီအလှ

- မိုးရာသီရောက်လာပုံ
- မိုးရွာခါနီးအခြေအနေ
- မိုးရွာပုံ
- သစ်ပင်၊ မြစ်ချောင်း၊ လယ်ကွင်းရှုခင်းများ
- ပန်းများပွင့်ပုံ
- မိုးရာသီပွဲလမ်းသဘင်များ
- မိုးရာသီကုန်ဆုံးပုံ
- ကြည်နူးမဆုံးနိုင်ပုံ

## မိုးရာသီအလှ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါးရှိသည်။ ရာသီစက်ဝန်းသည် အမြဲလည်ပတ်လျက်ရှိရာ ပူပြင်းခြောက်သွေ့သော နွေရာသီကုန်ဆုံးလျှင် မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပါသည်။ မိုးရာသီရောက်ပြီဆိုလျှင် မိုးကောင်းကင်ပြင်သည် ကြည်လင်သာယာရှိနေရာမှ မည်းမှောင်သော မိုးတိမ်တို့ ရောက်ရှိလာပါသည်။ အနောက်တောင်မုတ်သုန်လေများလည်း ဝင်ရောက်တိုက်ခတ်လာပါသည်။ အနောက်တောင်မုတ်သုန်လေနှင့်အတူ မိုးစက်မိုးဖွဲလေးများ ကမ္ဘာမြေပေါ်တွင်

mgyoe.com

ရောက်လာချိန်သည် မိုးရာသီရောက်ရှိလာချိန်ဖြစ်ပါသည်။

မိုးရွာတော့မည်ဆိုလျှင် အရပ်ရှစ်မျက်နှာ၌ အုံ့ဆိုင်းမှိုင်းညို့လာပါသည်။ ကောင်းကင်တွင်လည်း တိမ်ညို၊ တိမ်မည်းများက ပြိုတော့မယောင်ဖုံးလွှမ်းထားပါသည်။ လျှပ်စီးများကလည်း တဝင်းဝင်း၊ တလက်လက်ရှိနေပါသည်။ "ဂိုမ်း ... ဒလိန်း" ဟူသော မိုးခြိမ်းသံများလည်း ကြားနေရသည်။ မိုးရွာတော့မည့် အခြေအနေကြောင့် ကျေးငှက်များ အသိုက်ရှိရာသို့ ကူးလူးပျံသန်းနေကြသည်။ လမ်းပေါ်တွင် သွားလာနေကြသော လူအများသည်လည်း ထီးဖွင့်သူဖွင့်၊ မိမိအိမ်ရှိရာ အပြေးအလွှားပြန်သူက ပြန်နေကြပုံမှာ မိုးရွာခါနီးအခြေအနေမြင်ကွင်းများဖြစ်ပါသည်။

ထို့နောက် မကြာမီ အနောက်တောင်မုတ်သုန်လေနှင့်အတူ မိုးစက်မိုးပေါက်များ မြေပြင်သို့ ကြွေကျလာပါသည်။ အစပိုင်းမှာ တဖွဲဖွဲရွာနေရာမှ တဖြည်းဖြည်းသည်းလာပါတော့သည်။ မိုးများက 'တဝေါဝေါ' နှင့်ရွာချပြီး လေများက 'တဟူးဟူး' တိုက်ခတ်နေပါသည်။ သဲသဲမဲမဲရွာချသော မိုးရေများကြောင့် လမ်းမပေါ်တွင် မိုးရေများစီးကျလာပြီးကြည့်လေရာရာတွင် မိုးရေများ တဖွေးဖွေးဖြစ်နေပါသည်။ မိုးရွာသည်နှင့် မိုးခေါ်ဖားကလေးများသည် မိုးရေထဲတွင် ပျော်မြူးခုန်ပေါက်သွားလာနေကြရင်း ရေကန်အနီး မြက်တောစပ်မှ "အုံးအွမ် .... အုံးအွမ်" ဟူ၍ အော်မြည်နေကြပါသည်။

မိုးရွာသွန်းမှုကြောင့် တစ်နွေလုံးခြောက်သွေ့နေသော သစ်ပင်၊ ပန်းပင်များ မိုးရေထိသဖြင့် စိမ်းစိုလန်းဆန်းလာကြသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်၊ ရေမြောင်းများ ရေပြည့်လျှံလာသည်။ မြစ်ချောင်းအတွင်း ရေပြည့်လာသဖြင့် လှေ၊ သင်္ဘောများ အစုန်၊ အဆန်သွားလာမှုများပြားလာသည်။ လယ်ကွင်းများတွင်လည်း ရေဖွေးဖွေးတင်နေ၍ စိုက်ပျိုးထားသော စပါးပင်များမှာ စိမ်းစိုသစ်လွင်သော အရောင်အသွေးတို့ဖြင့် လှပနေပါသည်။

မိုးရာသီရောက်လျှင် မိုးရေသောက်သုံးရသဖြင့် ရာသီပန်းကလေးများ ဖူးပွင့်လာကြပါသည်။ မိုးရာသီအစဖြစ်သော ဝါဆိုလတွင်

mgyobe.com

mgyoe.com


မြတ်လေးပန်း၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ယင်းမာပန်းနှင့် သီတင်းကျွတ်လတွင် ကြာပန်းများဖူးပွင့်ကြပါသည်။ ဝါဆိုဝါခေါင်ရေဖောင်ဖောင် အချိန်ကာလတွင် တောစပ်များ၌ ပေါက်လေ့ရှိပြီး နွယ်ပင်တစ်မျိုးဖြစ်သည့် အဖြူရောင်မိကျောင်းပန်းများလည်း ဖူးပွင့်လန်းဆန်းမွှေးကြိုင်နေပါသည်။

မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ စေတနာ၊ သဒ္ဓါတရားထက်သန်ကြပါသည်။ အလှူအတန်းပြုရသည်ကို အလွန်နှစ်သက်ကြသည်။ ထို့ကြောင့် မိုးရာသီတွင် လတိုင်းရာသီပွဲတော်များရှိပါသည်။ ဝါဆိုလတွင် ဝါဆိုပွဲတော်ကျင်းပကြ၍ ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ကြပါသည်။ ဝါခေါင်လတွင် ရဟန်းသံဃာတော်များကို စာရေးတံမဲပွဲတော်ကျင်းပပြီး လှူဒါန်းကြပါသည်။ တော်သလင်းလတွင် မြစ်ရေများပြည့်နေသော ကာလဖြစ်၍ လှေပြိုင်ပွဲများကို ပျော်ရွှင်စွာ ကျင်းပကြပါသည်။ မိုးရာသီနောက်ဆုံးလဖြစ်သော သီတင်းကျွတ်လတွင် မြတ်စွာဘုရားရှင်ကိုရည်မှန်းပြီး ဆီမီးပူဇော်ပွဲ၊ ဆီမီးထွန်းပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြပါသည်။

မိုးသည် တစ်မိုးတွင်းလုံး သွန်းဖြိုးခဲ့ပြီးနောက် သီတင်းကျွတ်လရောက်ပြီဆိုသည်နှင့် မိုးများနည်းပါးသွားသည်။ မိုးသားတိမ်လိပ်များနှင့် မည်းမှောင်နေခဲ့သော ကောင်းကင်ပြင်သည်လည်း ကြည်လင်သာယာလာသည်။ နေရောင်ခြည်လည်း လင်းလက်လာသည်။ သီတင်းကျွတ်လတွင် အနောက်တောင်မုတ်သုန်လေသည် တဖြည်းဖြည်းဆုတ်ခွာသွားခဲ့ပါသည်။ ဆောင်း၏သင်္ကေတဖြစ်သော ငွေနှင်းမှုန်များ တဖွဲဖွဲကျပြီး မြောက်ပြန်လေများ ဝင်ရောက်လာချိန်သည် မိုးရာသီကုန်ဆုံးချိန်ပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မိုးရာသီသည် အေးချမ်းသာယာမှုနှင့်အတူ ကြည်နူးစရာအလွန်ကောင်းပါသည်။ မိုးရာသီတွင် သစ်ပင်၊ ပန်းပင်တို့၏ စိမ်းစိုလန်းဆန်းမှုအလှ၊ ကျောင်းသားကျောင်းသူများ၏ ကျောင်းတက်ကျောင်းဆင်း အားမာန်သစ်လွင်မှုအလှ၊ တောင်သူလယ်

mgyoe.com

သမားများ၏ လုပ်အားအလှများက မိုးရာသီအလှကို ဖော်ကျူးနေသော ပြယုဂ်များပင်ဖြစ်ပါသည်။ ထို့ကြောင့် မိုးရာသီသည် သုံးရာသီတွင် အလှဆုံးရာသီဟူ၍ ဆိုချင်ပါတော့သည်။

❑

mgyoe.com

mgyoe.com

# ဆောင်းလရာသီ

- ရာသီကူးပြောင်းစအချိန်
- ဆောင်းရာသီ၏သဘာဝမြင်ကွင်းများ
- လူ၊ သတ္တဝါတို့ လှုပ်ရှားမှုများ
- ရာသီပွဲတော်များ
- ရာသီအပေါ်ခံစားချက် အတွေးအမြင့်များ

## ဆောင်းလရာသီ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူသော ရာသီစက်ဝန်းသည် အမြဲလည်ပတ်လျက်ရှိရာ မိုးရာသီကုန်ဆုံးပြီးသည်နှင့် ဆောင်းရာသီကူးပြောင်းရောက်ရှိလာပါသည်။ မြန်မာ ၁၂ လရာသီတွင် ဆောင်းရာသီကာလသည် တန်ဆောင်မုန်းလမှ တပို့တွဲလအထိ ၄ လ ကြာမြင့်ပါသည်။ ဆောင်းရာသီ ရောက်ပြီဆိုလျှင် မိုးသံ၊ လေသံများမကြားရတော့ပါ။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးလများနှင့် မတူတော့ဘဲ ပြောင်းလဲလာပါသည်။ ထက်ကောင်းကင်တွင် မိုးသားတိမ်လိပ်များ ကင်းစင်ပြီးငွေနှင်းမှုန်မှုန်တို့က တဖွဲဖွဲကြွေဆင်းနေပါသည်။ မိုးမှဆောင်းသို့ ရာသီကူးပြောင်းချိန်တွင် မြောက်ပြန်လေကြောင့် တစ်လောကလုံး အအေးဓာတ်က လွှမ်းခြုံထားပါသည်။

mgyoe.com

mgyee.com


ဆောင်းရာသီတွင် ပတ်ဝန်းကျင်သဘာဝမြင်ကွင်းများကား အေးမြမှုနှင့်အတူ ပွင့်လင်းသာယာခြောက်သွေ့လျက်ရှိပါသည်။ နံနက်စောစောနှင့် ညနေခင်းနေဝင်စအချိန်တွင် ဆောင်းနှင်းမြူမှုန်များ ဝေနေတတ်ပါသည်။ နံနက်ခင်းဆောင်းနှင်းမှုန်အောက်တွင် အရာဝတ္ထုများကို မှုန်ဝါးဝါး မြင်နေရသည်မှာ စိတ်ကြည်နူးဖွယ်ဖြစ်သည်။ သစ်ပင်ပန်းပင်တို့မှာ နှင်းရည်နှင်းစက်များကြောင့် စိမ်းစိုလန်းဆန်းနေပါသည်။ ဆောင်းရာသီတွင် ဖူးပွင့်ကြသော ခဝဲပန်း၊ သဇင်ပန်း၊ သစ်ခွပန်း၊ ဆောင်တော်ကူးပန်း၊ ခွာညိုပန်းတို့၏ ရနံ့သည် မြောက်ပြန်လေညှင်းတွင် မွှေးပျံ့နေပါသည်။ မြစ်ချောင်းအင်းအိုင်၊ တောတောင်များနှင့် လယ်ကွင်း၊ ယာခင်းများမှာလည်း ငွေနှင်းမှုန်များလွှမ်းခြုံထားသဖြင့် သဘာဝပန်းချီကားတစ်ချပ်သဖွယ် လှပနေပါသည်။

ဆောင်းရာသီရောက်ပြီဆိုလျှင် ကျေးလက်တောရွာရှိ လယ်သမားများ လယ်တောဝင်၍ ကောက်ရိတ်ဆင်းကြသည်။ လယ်ထဲမှ ကောက်လှိုင်းစည်းများကို ကောက်လှိုင်းတိုက်ကြသည်။ ဆောင်းညများတွင် နွားနှင့်တလင်းနယ်ကြသည်။ ယာသမားများက ယာတောဝင်၍ ငရုတ်ခူးကြသည်။ ပဲဆွတ်ကြသည်။ မြို့ကြီးများတွင် နေသူများမှာ ဆောင်းရာသီနှင်းမှုန်အောက်တွင် အနွေးထည်ဝတ်ပြီး လမ်းလျှောက်ကြသည်။ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ကြသည်။ လုပ်ငန်းခွင်အသီးသီးဆီသို့ လုပ်ငန်းဝင်ကြသည်။ ကျောင်းသား၊ ကျောင်းသူများက စာမေးပွဲကြီးအတွက် နံနက်စောစောထ၍ အနွေးထည်ဝတ်ပြီး စာကျက်နေသည်။ ဆောင်းနံနက်ခင်းတွင် မြို့ပြလမ်းများပေါ်၌ ဆိုက္ကား၊ လိုင်းကား၊ ဈေးရောင်း ဈေးဝယ်များဖြင့် သွားလာလှုပ်ရှားစည်ကားနေမြဲဖြစ်ပါသည်။

နွေနှင့်မိုးတွင် ရာသီပွဲတော်များရှိသကဲ့သို့ ဆောင်းတွင်လည်း ရာသီပွဲတော်များရှိပါသည်။ ဆောင်းရာသီပွဲတော်များမှာ စည်ကားသိုက်မြိုက်လှပါသည်။ ဆောင်းရာသီအစဖြစ်သော တန်ဆောင်မုန်းလတွင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများသည် ရဟန်းသံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူသည့် ကထိန်ပွဲတော်များကို မြို့ရွာနယ်ပါ တစ်ပြည်လုံး

mgyee.com

mgyoe.com

ကျင်းပကြပါသည်။ အလွန်ချမ်းအေးလှသည့် နတ်တော်လတွင် စာဆိုပွဲတော်ကျင်းပပြီး ယခုခေတ်တွင် မြန်မာ့လွတ်လပ်ရေးပွဲတော်ကို နှစ်စဉ်စည်စည်ကားကား ကျင်းပကြသည်။ နှာရည်ယိုရွှဲတပို့တွဲလတွင် ထမနဲပွဲတော်ကို မြို့ကြီးများရှိရပ်ကွက်တိုင်း မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလေ့ရှိသည်။ ထို့ကြောင့် ဆောင်းရာသီပွဲတော်များမှာ ကြည်နူးစရာကောင်း၍ပျော်ရွှင်စရာလည်းကောင်းလှပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆောင်းလရာသီသည် အေးချမ်းသာယာပြီး စိတ်ကြည်နူးဖွယ်ကောင်းသော ရာသီပင်ဖြစ်ပါသည်။ ဆောင်းရာသီသည် မိုးကဲ့သို့လည်း မစိုစွတ်၊ နွေကဲ့သို့လည်း မပူလွန်းသောရာသီဖြစ်သည်။ ထို့အပြင် ဆောင်းလရာသီ၌ ဘာသာရေးပွဲ၊ လွတ်လပ်ရေးပွဲ၊ အားကစားပွဲများကို ခြိမ့်ခြိမ့်သဲသဲကျင်းပလေ့ရှိပါသည်။ ထို့ကြောင့်ဆောင်းလရာသီသည် ဥတုသုံးပါးတွင် အသာယာဆုံးနှင့် အလှပဆုံးရာသီဟုပင် ဆိုချင်ပါတော့သည်။

❑

mgyoe.com

mgyoe.com

# နွေရာသီအလှ

- နွေရာသီသို့ရောက်ရှိလာပုံ
- နွေရာသီ၏ သဘာဝမြင်ကွင်း
- လူသတ္တဝါတို့ လှုပ်ရှားမှုများ
- ပွဲတော်များ
- နွေရာသီအပေါ် မိမိအတွေးနှင့် ခံစားမှု

## နွေရာသီအလှ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူသော ဥတုသုံးပါးသည် အမြဲလည်ပတ်လျက်ရှိရာ ဆောင်းလကုန်ဆုံးပြီးသည်နှင့် နွေရာသီသို့ ရောက်ရှိလာပြန်သည်။ နွေရာသီသည် မြန်မာ ၁၂ လရာသီတွင် တပေါင်းလမှ နယုန်လအထိ ၄ လကြာမြင့်ပါသည်။ ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သော တပို့တွဲလကုန်သည်နှင့် နွေဦးရာသီရောက်ရှိလာပါသည်။ "နေ့ပူညချမ်းတပေါင်းလဆန်း" ဆိုသကဲ့သို့ နွေဦးအစတွင် နှင်းကလေးများ ကျနေဆဲဖြစ်၍ ဆောင်းအအေးဓာတ်မကုန်သေးပေ။ နွေကဲ့သို့လည်း မပူလွန်းပါ။ မအေးလွန်း မပူလွန်း သာယာလှပသော အချိန်အခါပင်ဖြစ်ပါသည်။

နွေရာသီ၏ သဘာဝမြင်ကွင်းများမှာ အလွန်သာယာလှပလျက်

mgyoe.com

ရှိပေသည်။ ဆောင်းအကုန်နွေအကူးဖြစ်သော နွေဦးအခါသမယတွင် လေရူးကလေးများတသုန်သုန်တိုက်ခတ်လာပါသည်။ ရေမြေတောတောင်တစ်ခွင် တစ်ပြင်တွင် မြူခြေများရစ်ဆိုင်းထားကာ ကြည့်လေရာရာ ဝိုးတဝါးဖြင့် သဘာဝ၏အလှကို မြင်တွေ့ရပါသည်။ မြစ်၊ ချောင်းအသွယ်သွယ်တို့သည်လည်း အဆက်မပြတ်သော ရေအလျဉ်တို့ဖြင့် တသွင်သွင်စီးဆင်းနေပါသည်။ သစ်ပင်ပန်းမန်တို့၏ အလှသည် ရှုမငြီးသာယာလှပေသည်။ နွေရောက်ပြီမို့ သစ်ပင်ကြီးငယ်တို့မှ ရွက်ဟောင်းများ လေရူးကလေးများ ဝှေ့တိုင်းတဖြုတ်ဖြုတ်ကြွေကျနေပါသည်။ ကြွေကျသွားသော သစ်ရွက်ဟောင်းများ၏နေရာတွင် ရွက်သစ်ဖူးကလေးများ အစီအရီထွက်ပေါ်လာကြသည်။ နွေရာသီ၏ သင်္ကေတဖြစ်သော ဥသြငှက်၏။ “ဥသြ ... ဥသြ” ဟူသော နွေဘွဲ့လွမ်းတေးသံကို သာယာနာပျော်ဖွယ်ကြားနေရပါသည်။ အရိပ်ကောင်းသော သစ်ပင်ကြီးများပေါ်တွင် ငှက်၊ ကျေး အပေါင်းတို့၏ သဘာဝအလျောက် တွန်ကျူးပျော်ရွှင်မြူးတူးနေကြပုံများမှာလည်း ကြည်နူးစရာ ကောင်းလှပါသည်။ နွေရာသီ၏ ရာသီပန်းဖြစ်သော သရဖီ၊ အင်ကြင်း၊ ကံ့ကော်၊ ပိတောက်စသော ပန်းကလေးများ ပင်လုံးကျွတ် ဝေဝေဆာဆာ၊ မြိုင်မြိုင်ဆိုင်ဆိုင် ဖူးပွင့်မွှေးထုံ သင်းပျံ့နေကြသော မြင်ကွင်းများမှာ စိတ်ကြည်နူးဖွယ် နွေဦးပန်းချီကားတစ်ချပ်ပင်ဖြစ်ပါသည်။

နွေဦးရာသီတွင် ကျေးလက်တောရွာရှိ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းနားချိန်ဖြစ်ပါသည်။ ထို့ကြောင့် ဝမ်းရေးအတွက် တောတက်ထင်းခုတ်ခြင်း၊ အလေ့ကျပေါက်နေသော သစ်ပင်များမှ အသီးအရွက်ခူးရောင်းခြင်း၊ အမဲလိုက်ခြင်း၊ ခြံနှင့်ယာများတွင် သီးနှံများစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြပါသည်။ နွေရာသီသည် ထန်းရည်ပေါ်သော ရာသီဖြစ်၍ ထန်းသမားများသည် ထန်းတက်ခြင်းဖြင့် အသက်မွေးကြပါသည်။ ကျောင်းသူ၊ ကျောင်းသားများသည်လည်း နွေရာသီကျောင်းပိတ်ချိန်တွင် အင်္ဂလိပ်စာသင်တန်းတက်ခြင်း၊ ကွန်ပျူတာသင်တန်းတက်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတက်ခြင်း စသည်ဖြင့် ပညာရှာဖွေလျက်ရှိပါသည်။

mgyoe.com

mgyoe.com

နွေရာသီအချိန်အခါသည် ပူပြင်းခြောက်သွေ့ပြီး ပွင့်လင်းရာသီဖြစ်၍ ပွဲလမ်းသဘင်များပြားလှပေသည်။ နွေရာသီ၏ ပွဲတော်များဖြစ်သော တပေါင်းလတွင် တပေါင်းပွဲ၊ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာပြန်ပွဲများကျင်းပကြပါသည်။ နွေရာသီတွင် တောင်သူလယ်သမားများ စပါးရိတ်သိမ်းရောင်းချပြီးချိန်ဖြစ်၍ ငွေရွှင်သော အချိန်အခါလည်း ဖြစ်ပါသည်။ ထို့ကြောင့် သားရှင်ပြုပွဲ အလှူပွဲများလည်း ပြုလုပ်ကြပါသည်။

အချုပ်အားဖြင့် ဆိုရပါမူ နွေဦးရာသီသည် သဘာဝအလှတရားများဖြင့် ပြည့်နှက်နေသော ရာသီပင်ဖြစ်ပါသည်။ နွေရာသီအလှများသည် ကြည့်လေရာရာ လွမ်းမောဖွယ်ကောင်းလှသည်။ ကြည်နူးစရာတွေ များပြားလှသည်။ စိတ်လက်ကြည်လင်ဖွယ်ရှုခင်းအဖုံဖုံကို မြင်တွေ့နိုင်သည်။ ထို့ကြောင့် နွေရာသီသည် လူသားတိုင်း၏ စိတ်နှလုံးကို ဖမ်းစားနိုင်သော အလှတို့ စုဝေးပေါင်းဆုံနေသော ရာသီပင်ဖြစ်ပါတော့သည်။

❑

mgyoe.com

mgyoe.com

# ရာသီသာစွတပေါင်းလ

- ဆောင်းအကုန်နွေအကူးရာသီနှင့်တပေါင်းလ
- တပေါင်းလ၏သဘာဝမြင်ကွင်း (ရေမြေတောတောင်၊ ကျေးငှက်၊ သစ်ပင်၊ ပန်းပင်)
- တပေါင်းလနှင့် လူသားတို့လုပ်ငန်းခွင်
- တပေါင်းလနှင့်ပွဲတော်များ
- တစ်ဆယ့်နှစ်လတွင် အသာယာဆုံးလဖြစ်ပုံ

## ရာသီသာစွတပေါင်းလ

မြန်မာ ၁၂ လရာသီတွင် တပေါင်းလသည် နှစ်တစ်နှစ်၏ နောက်ဆုံးလရာသီဖြစ်သည်။ ထို့အပြင် နွေဥတုရာသီ၏ ပထမဦးဆုံးလ လည်းဖြစ်သည်။ တပေါင်းလသည် ဆောင်းအကုန်နွေအကူးရာသီဖြစ်၍ "နေ့ပူညချမ်းတပေါင်းလဆန်း" ဟူ၍ ခေါ်တွင်လေ့ရှိသည်။ တပေါင်းလ သည် သစ်ရွက်ကြွေသော နွေရာသီတွင်ပါဝင်သောကြောင့် 'ဥဩ' တွန် သည့်လရာသီလည်း ဖြစ်ပေသည်။

တပေါင်းလ၏ တောတောင်ရေမြေသဘာဝမြင်ကွင်းများမှာ စိတ် ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းလှပါသည်။ တပေါင်းလသည် ဆောင်း အကုန်နွေအကူးကာလဖြစ်၍ ရော်ရွက်ဝါများကြွေကျကာ စိမ်းမြမြ ရွက်

mgyoe.com

mgyoe.com

သစ်ဖူးကလေးများ အစိအရီထွက်ပေါ်လာသည့် အချိန်အခါပင်ဖြစ်သည်။ တပေါင်းလ၏ရာသီပန်းဖြစ်သော သရဖီပန်းများ တောတောင်ထဲတွင် ဖူးပွင့်မွှေးကြိုင်နေသော ကာလလည်းဖြစ်သည်။ တပေါင်းလတွင် မြစ်ရေစစ်ချိန်ဖြစ်၍ သောင်ရေစီးတွင်း ငါးကြင်း၊ ငါးတန်တို့ ပျော်မြူးကြသည်။ မြစ်ပြင်သဲသောင်ဖွေးဖွေးပေါ်၌ ငှက်မောင်နှံများ တွန်ကျူးပျော်ရွှင်နေကြသည်။ ထို့အပြင် တပေါင်းလအခါတွင် ပန်းမျိုးစုံ ဖူးပွင့်ကြသည့်အပြင် အင်ကြင်းပန်းများကလည်း တစ်တောလုံး ရဲရဲနီနေအောင် ဖူးပွင့်နေကြပေသည်။ တပေါင်းလရာသီ၏ သဘာဝအလှအပမြင်ကွင်းများမှာ ရသေ့သူတော်စင်များပင် စျာန်လျောရလောက်အောင် သာယာလွန်းလှပါသည်။

တပေါင်းလတွင် တောင်သူလယ်သမားများ စပါးများရိတ်သိမ်းရောင်းချပြီးချိန်ဖြစ်၍ ငွေရွှင်သောကာလဖြစ်သည်။ ထို့ကြောင့် အလှူအတန်းများ ပေါသည်။ ပွဲလမ်းသဘင်များလည်း အလွန်များပြားသည်။ တပေါင်းလသည် ထန်းတောကြီးများ၌ ထန်းပွင့်ထန်းခိုင်များ ဝေဝေဆာဆာ ရွှန်းရွှန်းမြိုင်မြိုင် ရှိနေချိန်ဖြစ်သဖြင့် ထန်းသမားများထန်းတက်ခြင်းဖြင့် အသက်မွေးကြသည်။ ထို့ကြောင့် ထန်းတက်သမားတို့၏ ဘဝကို ဝန်ကြီးပဒေသာရာဇာက "နွေဦးကာလ၊ မြူထသောအခါ၊ ရင်းထောင် ရင်းဆွဲ၊ ဆောင်မြဲ အိုးလွယ်ကာ၊ ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်း ပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့တက်သည်နှင့်လေး" ဟု ဖွဲ့ဆိုခဲ့ပါသည်။

တပေါင်းလရာသီအချိန်အခါသည် ပွင့်လင်းရာသီဖြစ်ပါသည်။ တပေါင်းလတွင် ရှေးအခါက သဲပုံစေတီပွဲတော်ကျင်းပကြပါသည်။ ယခုအခါတွင် တပေါင်းလတွင် တပေါင်းလတွင် ဗုဒ္ဓပူဇနိယဘုရားပွဲတော်များနှင့် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မြို့ရွာနယ်ပါ စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် တပေါင်းလရာသီသည် သဘာဝအလှများဖြင့် ဖန်တီးထားသည့် လတစ်လဖြစ်သည်။ ရာသီသဘာဝအလှအပများကား လူသားတိုင်း၏ စိတ်နှလုံးကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိပေသည်။ တပေါင်းလရာသီသည် စိတ်ကြည်နူးမှုကို ပေးစွမ်းသကဲ့သို့ လွမ်းဆွတ်

mgyoe.com

 mgyoe.com



ဖွယ်လည်းကောင်းလှပါသည်။ တပေါင်းလသည် ဆယ့်နှစ်လရာသီတွင် အလှဆုံး၊ ကြည်နူးစရာအကောင်းဆုံးဟု ခံစားမိပါသည်။ ထို့ကြောင့် တပေါင်းလရာသီကို "ရာသီသာစွတပေါင်းလ" ဟု တင်စားမိပါတော့သည်။

❑

mgyoe.com

mgyoe.com

## ပျော်ရွှင်ဖွယ်ခရီးတစ်ခု

- ခရီးသွားသင့်ကြောင်း၊
- ခရီးထွက်ရန် စီစဉ်ပုံနှင့် မည်သို့ခရီးသွားပုံ
- ခရီးသွားခဲ့သော နေရာနှင့် သဘာဝပတ်ဝန်းကျင်အနေအထား၊ စိတ်ဝင်စားဖွယ်ရာများ
- ခရီးသွားရာတွင် တွေ့ကြုံခဲ့ရမှုများ၊ ရရှိခဲ့သော ဗဟုသုတများ
- ခရီးမှအပြန် မိမိအတွက် အမှတ်တရဖြစ်ခြင်းများ

### ပျော်ရွှင်ဖွယ်ခရီးတစ်ခု

ခရီးသွားခြင်းသည် စိတ်ကို ကြည်နူးပျော်ရွှင်စေရုံမက အတွေ့အကြုံ ဗဟုသုတများစွာရရှိစေပါသည်။ ခရီးသွားခြင်းသည် လူတိုင်းနှင့် မကင်းနိုင်ပါ။ ခရီးသွားခြင်း နှစ်မျိုးရှိပေသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးကိစ္စများကြောင့် ခရီးသွားရခြင်းမျိုးရှိသကဲ့သို့ ဘုရားဖူးသွားခြင်း၊ လေ့လာရေးထွက်ခြင်း၊ အပန်းဖြေအနားယူထွက်ခြင်းစသည့် ခရီးသွားခြင်းမျိုးလည်းရှိပါသည်။ မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေ ခရီးသွားခြင်းကို လူတိုင်းပြုလုပ်သင့်ပါသည်။

ကျွန်တော်တို့ မိသားစုသည် နွေကျောင်းပိတ်ရက်တိုင်း ခရီးတစ်

mgyoe.com